မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၁၅ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၅၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဥ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

စပါးစိုက်ပျိုးမှုရည်မှန်းချက် ဧက ၁၀ သိန်းပြည့်မီအောင် စိုက်ပျိုး စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေတိုးချဲ့ရရှိရေး နည်းလမ်းမျိုးစုံ ရှာဖွေဆောင်ရွက် ခြံစည်းရိုးကြက်ဆူပင်များ စီမံချက်အတိုင်း ဖြစ်ထွန်းအောင် စိုက်ပျိုး

နေပြည်တော် ဇွန် ၁၄

မကွေးတိုင်း မကွေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ မကွေးမြို့ရှောင်လမ်းရှိ လမ်းဘေးဝဲ/ယာတို့၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို မော်တော်ယာဥ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မြို့ရှောင်လမ်း၏ အောင်ပုံကျေးရွာအနီး၌ ကျင်းပသည့် မကွေးတပ်နယ်စုပေါင်းခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ တပ်ရင်း/တပ်ဖွဲ့မှူးများအား ခြံစည်းရိုးကြက်ဆူပင်များကို ဝေငှပေးပြီး ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဥ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထို့နောက် တပ်ရင်း/တပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုများက စိုက်ခင်း ၁၅ ဧက၌ ခြံစည်းရိုးကြက်ဆူပင် ၁၈၁၀၀ စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုက်လံကြည့်ရှုအားပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြို့ရှောင်လမ်း၏ ဝဲ/ယာရှိ တိုင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၏ ခြံစည်းရိုးကြက်ဆူပင် ၁၅ ဧက၌ အပင် ၁၈၀၀၀ စိုက်ပျိုးထားသည့် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း၏ ပင်မရေတင်စခန်း၌ ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အင်တာနက် သတင်းဓာတ်ပုံ နှင့် ကမ္ဘာ့ပလား အညွှန်း



သန္တာကျောက်တန်းများ ပျက်စီးမှု အဓိကအားဖြင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်

အင်တာနက် သတင်းနှင့်ဓာတ်ပုံ (စာ-၆)

ထရီနီဒက်တိုက်စစ်မှူး စတန်းဂွန်က အင်္ဂလန်အသင်းကို သတိပေး



ဒွိုက်ယော့ကို သတိထားရန် ဘက်ခမ်းသတိပေး

ကမ္ဘာ့ဖလားနောက်ဆုံး သတင်းများ
စုစည်းတင်ပြသူ-မောင်မောင်မြင့်ဆွေ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

အမှားကိုသိမြင် အမှန်ကိုပြုပြင်ရန် အချိန်တန်ပြီ

ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုဒဏ်ကို နှစ်ကာလကြာမြင့်စွာခံခဲ့ရပြီးနောက် ၁၉၄၈ ခုနှစ် လွတ်လပ်ရေး ရရှိချိန်၌ မြန်မာနိုင်ငံတွင် နယ်ချဲ့ပယောဂစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲဖြင့် သောင်းကျန်းသူမျိုးစုံ ထကြွသောင်းကျန်းခဲ့ကြသည်။ ပြည်တွင်း သောင်းကျန်းမှုအန္တရာယ်ကြောင့် နိုင်ငံတော်၌ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည်။ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ထိရောက်စွာ မဆောင်ရွက်နိုင်ခဲ့ပေ။

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်တာဝန်ယူခဲ့ရသည့် တပ်မတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂)ရပ်ကို ချမှတ်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်ရရှိအောင် ကြိုးပမ်းဖော်ဆောင်ပေးခဲ့သည်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို မဖြစ်မနေတည်ဆောက်ခဲ့သည်။ နိုင်ငံတော်၏ စေတနာမှန်ကို နားလည်သဘောပေါက်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့နှင့် အခြားအဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ ပြည်ပစွဲ၊ လူမျိုးစွဲများကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ဆုပ်ကိုင်ထားမြဲဖြစ်သည့် KNU လက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နှင့် SSA-S ရှက်ဆစ်အဖွဲ့တို့သာ ကျန်ရှိတော့သည်။ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ကျန် သောင်းကျန်းသူအဖွဲ့များကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာနိုင်ရန် ငြိမ်းချမ်းရေးတံခါး ဖွင့်ပေးထားဆဲဖြစ်သည်။

နိုင်ငံတော်နှင့် KNUတို့၏ ငြိမ်းချမ်းရေးတည်ဆောက်မှုသည် ကနဦးအကြိမ်များက အောင်မြင်လုနီးပါးအထိ ရောက်ရှိခဲ့သော်လည်း ကိုလိုနီလက်သစ်နှင့် လက်ဝေခံများ၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုကြောင့် အောင်မြင်မှုမရခဲ့ပေ။

တစ်ချိန်က ဗကပသောင်းကျန်းသူများသည် အရှေ့မြောက်ဒေသတွင် အင်အားကြီးမားစွာဖြင့် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် အိမ်နီးချင်းကောင်းမိတ်ဆွေ တစ်ဖက်နိုင်ငံက အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးမူနှင့်အညီ ပြတ်ပြတ်သားသားရပ်တည်ခဲ့၍ တပ်မတော်၏ ချေမှုန်းမှုအောက်၌ ဗကပတစ်ဖွဲ့လုံး ပြိုကွဲပျက်သုဉ်းခဲ့သည်။

အိမ်နီးချင်းကောင်း မိတ်ဆွေနိုင်ငံ၏ စံနမူနာအတိုင်း ကိုလိုနီလက်သစ်နှင့် လက်ဝေခံများကသာ မြန်မာ့ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်မှု၊ သပ်လျှိုသွေးခွဲမှု၊ သောင်းကျန်းသူများကို ကူညီထောက်ပံ့မှုများ မပြုခဲ့ပါက KNUလက်ကျန်အဖွဲ့၊ KNPP ပြန်ဝင်အဖွဲ့နှင့် SSA-S တို့ ခိုကပ်ရာ နယ်စပ်ဒေသ တစ်လျှောက်လုံး ရာနှုန်းပြည့် တည်ငြိမ်အေးချမ်းသွားမည် ဖြစ်သည်။

ယနေ့တိုင် အမြင်မှန်မရသေးဘဲ လက်နက်ကိုင်လမ်းစဉ်နှင့် အကြမ်းဖက်ဝါဒကို စွဲကိုင်ကျင့်သုံးနေဆဲဖြစ်သည့် လက်ကျန်သောင်းကျန်းသူအဖွဲ့များကလည်း မိမိတို့၏လုပ်ရပ်များကို မှားမှန်းသိမြင်ပြီး ကိုလိုနီလက်သစ်နှင့် လက်ဝေခံများ၏ ဝင်ရောက်စွက်ဖက် သွေးခွဲသပ်လျှိုမှုကို ပြတ်ပြတ်သားသား ဆန့်ကျင်လျက် အမှန်ပြုပြင်ရန် အချိန်တန်ပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဇွန်၈ရက်က အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့၏ ဩဝါဒခံယူပွဲနှင့် အလှူတော်ငွေပေးအပ်ပွဲကို ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ ကျင်းပရာ အလှူရှင် ဦးမျိုးဆွေ-ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး) မိသားစုက ငွေကျပ်သိန်း ၃၀၀ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇွန် ၁၄

မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ကျေးရွာ ညောင်ကန်အေးဗုဒ္ဓသာသနာပြုကျောင်း ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၈ ရက် စနေနေ့တွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံတစ်စုံ တန်ဖိုးကျပ် ၃၀၀၀ သို့မဟုတ် မိမိနှစ်သက်ရာသင်္ကန်း ကိုဝယ်ယူ၍ဖြစ်စေ၊ သံဃာဆွမ်းစရိတ် တစ်ပါး ကျပ် ၅၀၀၊ ယောဂီဥပုသ်သည် ဆွမ်းစရိတ်တစ်ဦး ကျပ်၂၀၀၊ ထီးတစ်လက် ကျပ် ၁၅၀၀၊ ဖိနပ်တစ်ရန် ကျပ် ၁၀၀၀၊ ဆေးဝါးပစ္စည်းလေးပါးတို့ကို တတ်စွမ်းသမျှ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၅-၆-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Spain Vs Ukraine (Delay)
- ၆း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၆။ နိုင်ငံတကာသတင်း
- ၆း၂၀ ၇။ မိုးလေဝသသတင်း
- ၆း၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၉။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၂၅)
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၃။ ကျန်းမာသုတ
- ၁၄။ မေးမြန်းစူးစမ်း
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ England Vs Trinidad (Live)

၁၆-၆-၂၀၀၆ (နံနက်ပိုင်း)

- ၀၁း၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Sweden Vs Paraguay (Live)

မိတ္ထီလာခရိုင်တွင် ခြစည်းရိုးကြက်ဆူပင် ၅၄၉၃၁ဧက လျာထား ၇၀ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်၊ လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုး

ရန်ကုန် ဇွန် ၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမြင့်သိန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၅ရက် ညနေ၄နာရီခွဲက မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၅၁/၂)သို့ ရောက်ရှိကြသည်။

တိုင်းမှူးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၃၅၁/၂) ဝမ်းသာလမ်းခွဲတွင် လမ်းဘေးဝဲယာ၌ တောင်သူဦးတင်အောင်၏ ခြစည်းရိုးကြက်ဆူ ဧက၄၀ စိုက်ခင်းနှင့် မိတ္ထီလာစက်မှုဇုန်လုပ်ငန်းရှင်များ၏ ခြစည်းရိုးကြက်ဆူ တစ်အုပ်တစ်မစိုက်ခင်း ၂၃၉ဧကတို့၌ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းမှုအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၅၁/၅)သို့ရောက်ရှိကြပြီး လမ်းဘေးဝဲယာ၌ တောင်သူဒေါ်ခင်အုန်းမြင့်၏ ခြစည်းရိုးကြက်ဆူပင် ငါးဧကစိုက်ခင်းတွင် အပင်များရှင်သန် ဖြစ်ထွန်းမှုနှင့် မိတ္ထီလာမြို့နယ်၊ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ် မြို့နယ်သုံးမြို့နယ်၏ ဆက်စပ် ဧရိယာအတွင်းတွင် ခြစည်းရိုးကြက်ဆူပင် ၁၂၂၈ဧက တစ်အုပ်တစ်မစိုက်ပျိုးထားရှိမှုနှင့် အပင်များဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အမြဲမပြတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်း ဝမ်းတွင်းမြို့နယ်အတွင်း လမ်းဘေးဝဲယာတစ်လျှောက်၌ စိုက်ပျိုးထားသော ခြစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မိတ္ထီလာခရိုင်တွင် ၂၀၀၆ခုနှစ်အတွင်း ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန်အတွက် ၅၄၉၃၁ဧက လျာထားရာမှ ၃၈၄၅၁ဧက ၇၀ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးပြီဖြစ်၍ စိုက်ပျိုးရန်ကျန်ရှိသော ဧကများအတွက် လိုအပ်သောပျိုးများ စုဆောင်းထားရှိပြီးဖြစ်ရာ သတ်မှတ်လျာထားချက်ပြည့်မီအောင် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်၁၀၃ တိုက် ၈၃/၈၄ အင်းစိန်လမ်းမ ၉ရပ်ကွက် လှိုင်မြို့နယ်နေ ဒေါ်စန်းရှင်က ကွယ်လွန်သူ သားဦးယုရှိန်၊ မြေး မောင်ချိန်ဇော်တို့အား ရည်စူး၍ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး တာဝန်ရှိသူတစ်ဦး လက်ခံယူစဉ်။ (က-ပ)

ဈေးကွက်ပစ္စည်းများတိုးတက်ထုတ်လုပ်ရေး တွန်းအားပေး အဏ္ဏဝါဗေဒဆိုင်ရာအရင်းအမြစ်များ ရေရှည်ဖွံ့ဖြိုးရေး ကမ္ဘာ့ရေကြောင်းသိပ္ပံနှင့်နည်းပညာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ပစိဖိတ်ကွန်ဂရက် PACON 2006 ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် စီမံရေးရာဌာနကြီးမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်အဖွဲ့အစည်းများ၊ နည်းပညာတက္ကသိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စာတမ်းဖတ်ကြားသည့် နိုင်ငံတကာမှ ပညာရှင်များနှင့် မြန်မာပညာရှင်များ တက်ရောက်ကြသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် အဆိုပါ ကွန်ဂရက်သည် အရှေ့တောင်အာရှ၌ ပထမဦးဆုံး ကျင်းပသည့် ကွန်ဂရက်ဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် ရေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေးကို တွန်းအားပေး ဆောင်ရွက်စေလိုကြောင်း၊ ရေကြောင်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာတို့၏ အရေးပါမှုကို အလေးထားရန် လိုအပ်ကြောင်းနှင့် သင့်လျော်မှန်ကန်သည့် အဏ္ဏဝါဗေဒဆိုင်ရာအရင်းအမြစ်များကို စီမံခန့်ခွဲမှုမှတစ်ဆင့် ရေရှည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့ရေကြောင်းဆိုင်ရာ သိပ္ပံနှင့်နည်းပညာ အဖွဲ့အစည်းများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ နီဟွန်း တက္ကသိုလ် ပါမောက္ခချုပ် ဆူဆူမူ–အိရိအိကလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းကလည်းကောင်း၊ နိုင်ငံတကာ ပစိဖိတ်ကွန်ဂရက်ဥက္ကဋ္ဌ ဆက်ဇီနာက လည်းကောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

အာရှဒေသ ရေကြောင်းသိပ္ပံနှင့် နည်းပညာဆိုင်ရာ PACON 2006 ပစိဖိတ်ကွန်ဂရက်၌ အလုပ်ရုံဆွေးနွေးပွဲ စာတမ်းဖတ်ပွဲ၊ ကျောင်းသားများ၏ ပိုစတာပြိုင်ပွဲနှင့် ကိရိယာပြပွဲ အခန်းကဏ္ဍများကိုကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ပညာရှင်ပေါင်း ၂၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါကွန်ဂရက်ကို ဇွန် ၁၅ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

လက်ခံတွေ့ဆုံ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့သည် ဖွင့်ပွဲအခမ်းအနား အပြီး၌ ဂျပန် လစ်ဘရယ်ဒီမိုကရက် တစ်ပါတီ အမှုဆောင်ကောင်စီဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဖူမီယို ကျူးမားနှင့် အဖွဲ့အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး ဂျပန်–မြန်မာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအသင်း ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရေကြောင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် မြန်မာ့ကြယ်ငါးပွင့် လုပ်ငန်းဌာန၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အကြီးအကဲများ တက်ရောက်ကြပြီး ဂျပန်–မြန်မာ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ဆွေးနွေးသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် PACON 2006 အထိမ်းအမှတ် ညစာစားပွဲကို ယနေ့ညပိုင်းတွင် ကုန်သည်ကြီးများဟိုတယ်၌ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သထုံအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၄

သထုံအသင်း(ရန်ကုန်)သည် ဗားကရာကျောင်းတိုက်ရှိ သီရိဝေလာ ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ နိုင်ငံတော်က ဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ချီးကျူးပူဇော်ပွဲနှင့် ၇၅ နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော် ကန်တော့ပွဲကို ဇူလိုင် ၂ ရက် (ဝါဆိုလဆန်း ၈ ရက်) နံနက် ၈ နာရီခွဲတွင် ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံတွင် ကျင်းပမည်ဖြစ်၍ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းကပ်လှူလိုသူများ၊ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဝတ္ထုငွေပူဇော်လိုသူများနှင့် သက်ကြီးပူဇော်ပွဲအတွက် အလှူငွေ ထည့်လိုသူများ ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း–၅၁၀၃၄၀၊ ဦးခင်မောင်ပြုံး ဖုန်း–၂၁၁၆၅၈၊ ဦးအောင်မြင့်လွင် ဖုန်း–၅၇၂၀၉၄ နှင့် ဒေါ်ခင်မကြီး ဖုန်း–၅၇၇၆၅၈နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် စီးပွားရေးစီမံကိန်းတာဝန်ပေးအပ်ပွဲကို ယနေ့ ညနေ ၃ နာရီက ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့် တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်က မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံ ဌာနဆိုင်ရာများသို့ စီမံကိန်းတာဝန်ပေးအပ်ပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဗဟန်းမြို့နယ် တာဝန်ခံ ဦးမြင့်အောင်က ဗဟန်းမြို့နယ်၏ ၂၀၀၆–၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် စီမံကိန်းရုံးမှ ခရိုင်တာဝန်ခံနှင့် မြို့နယ်စီမံကိန်းမှူးများ၊ စက်ရုံမှူးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၅–၆–၂၀၀၆ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅	၇။	အဆိုပြိုင်ပွဲ
၈:၁၀	၈။	အကပဒေသာ
၈:၂၀	၉။	ရင်းငြိမ်ရေထိန်းတံခါး
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀	၈။	တေးဂီတအစီအစဉ်
၁၇:၄၀	၉။	**"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	ဖွံ့ဖြိုးမှုအလှပန်းများရှုမငြီး ကျေးလက်ဆင်ရွာကြီး
၁၈:၄၅	၁၃။	**"စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်"** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင်(ရှမ်းပြည်နယ်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)]
၁၉:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဖန်ပန်းလှလှ"** (အပိုင်း–၁၇)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ရှေ့နေ"** (အပိုင်း–၁၄)

စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဇွန် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၂ ခုနှစ် စာပေဗိမာန် စာမူဆု စာပေပဒေသာ တတိယဆုရ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၏ **"သမိုင်းထဲက တကောင်း"** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ အောင်မြင့်ဦး(ကွမ်းခြံကုန်း)၏ **"မဆုံးသောခရီး မပြီးသောတရားနှင့် အခြားဝတ္ထုတိုများ"** စာအုပ်၊ ၂၀၀၃ ခုနှစ် စာပေဗိမာန်စာမူဆု ကလေးစာပေ ဒုတိယဆုရ မောင်သက်နှင်း (မ/ဥ)၏ **"ရတနာဆည်းလည် မြမျက်ရွဲ ကဗျာများ"** စာအုပ်၊ ဝတ္ထုတို ပေါင်းချုပ် ဒုတိယဆုရ နေစိုးသော်၏ **"နှလုံးသား ရွှေအမြုတေ"** စာအုပ်နှင့် ကလေးစာပေ တတိယဆုရ ပန်းတနော် နောင်လတ်၏ **"ကဗျာလည်း သင် ပညာသင်"** စာအုပ်တို့ဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံမှ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့
၂၆–၆–၂၀၀၆

International Day Against Drug Abuse and Illicit Trafficking
26-6-2006

မူးယစ်ဒုက္ခ မပေါ့ဆနှင့်
DRUGS ARE NOT CHILD'S PLAY

ဘိန်းဖြူချက်သည့်စခန်းအား ပါကစ္စတန်မူးယစ်အဖွဲ့ ဝင်ရောက်စီးနင်း

အစ္စလမ္မာဘက် ဇွန် ၁၄

အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ ပါကစ္စတန်နိုင်ငံ ဘယ်လူဂျီစတန်ပြည်နယ်ရှိ ဘိန်းဖြူချက်လုပ်သည့်စခန်းအား ပါကစ္စတန် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့မှ ဝင်ရောက်စီးနင်းခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်၌ပြောကြားသည်။

ယင်းစက်ရုံရှိ ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ဖျက်ဆီးပစ်လိုက်ပြီး မူးယစ်ဆေးဝါးများနှင့် လက်နက်များကို သိမ်းဆည်းခဲ့သည်။

ဝင်ရောက်စီးနင်း

အိမ်နီးချင်းနိုင်ငံ အာဖဂန်နစ္စတန်နိုင်ငံမှ အာဏာပိုင်များက ယင်းမူးယစ်ဂိုဏ်းကို မောင်းထုတ်လိုက်ပြီးနောက်ပိုင်း ၎င်းတို့သည် ဘယ်လူဂျီစတန်ပြည်နယ် ချာဂီဒေသတွင် ဘိန်းဖြူချက်လုပ်သည့် စက်ရုံတည်ထောင်ထားကြောင်း သတင်းရရှိခဲ့သည်။ မူးယစ်နှိမ်နင်းရေး အဖွဲ့သည် ရဟတ်ယာဉ်နှင့်လေယာဉ်ငယ်များ အကူအညီဖြင့်စနေနေ့က ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်သည်။

လတ်တလော ကာလအတွင်း ယခုစစ်ဆင်ရေးသည် အကြီးမားဆုံး စစ်ဆင်ရေးဖြစ်ပြီး ဘိန်းဖြူချက် ဓာတ်ခွဲခန်းရှစ်ခုကို ဖျက်ဆီးပစ်ခဲ့ကြောင်း မူးယစ်နှိမ်နင်းရေးအေဂျင်စီမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် အန်ဝါဂူဟာက ပြောကြားသည်။

ထပ်လောင်းပြောကြား

ထို့အပြင် မော်ဖင်း၄၄၆၄ပေါင်၊ ဘိန်းဖြူ ၂၂ပေါင်၊ ရိုင်ဖယ်သေနတ်များ၊ ဒုံးကျည်များနှင့် လက်ပစ်ဗုံးများကိုလည်း သိမ်းဆည်းရမိခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောဆိုသည်။

ထွက်ပြေး

မူးယစ်ဆေးဝါး ချက်လုပ်သူများသည် အာဖဂန်နစ္စတန်နိုင်ငံတွင်းသို့ ဝင်ရောက် ထွက်ပြေးသွားသဖြင့် မဖမ်းမိလိုက်ကြောင်း ဟာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျပန်၌ အင်အား ၆ ဒသမ ၂ ရှိ ငလျင်လှုပ်

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိ ငလျင်လှုပ်ခဲ့ကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဗဟိုပြုလှုပ်ခတ်

သို့သော် ဒဏ်ရာရရှိမှု အပျက်အစီးများနှင့် ပတ်သက်၍ အစီရင်ခံတင်ပြလာခြင်း မရှိသေးပေ။ ယင်းငလျင်သည် တိုကျိုမြို့ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀၀ခန့်ရှိ အိုအီတာစီရင်စုတွင် မြေပြင်အောက် ၈၇မိုင်တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

စွမ်းအင်ထုတ်လုပ်သူနှင့်သုံးစွဲသူနိုင်ငံများပူးပေါင်းဆောင်ရွက်ရန် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီတိုက်တွန်း

ကွာလာလမ်ပူ ဇွန် ၁၄

စွမ်းအင်ထုတ်လုပ်သူများနှင့် သုံးစွဲသူများသည် စွမ်းအင်အရင်းအမြစ်များ ပူးပေါင်းရှာဖွေရေး၊ အနာဂတ်စွမ်းအင်ထုတ်လုပ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက ဇွန် ၁၂ ရက်တွင် တိုက်တွန်းလိုက်သည်။

မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီ။

စွမ်းအင်ထုတ်လုပ်သည့် နိုင်ငံများနှင့်သုံးစွဲသည့် နိုင်ငံများသည် ကမ္ဘာ့စွမ်းအင်ဖူလုံမှု တိုးပွားလာစေရန် စွမ်းအင်အရင်းအမြစ်သစ်များ ရှာဖွေရေးနှင့် အနာဂတ်ရေနံထုတ်လုပ်မှု တိုးတက်လာစေရေးတို့အတွက် မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်သင့်ကြောင်း ကွာလာလမ်ပူ၌ ကျင်းပသည့် ၁၁ ကြိမ်မြောက် အာရှရေနံနှင့် ဓာတ်ငွေ့ကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားတွင် ဘာဒါဝီက ပြောကြားသည်။

စွမ်းအင်ထုတ်လုပ်သည့် နိုင်ငံများနှင့် သုံးစွဲသည့်နိုင်ငံများသည် စီးပွားရေးကိုသာ အခြေခံခြင်းမပြုဘဲ ပိုမိုပူးပေါင်းဆောင်ရွက်သင့်ကြောင်း ဘာဒါဝီက ပြောကြားသည်။

ပြောကြား

ရေနံနှင့်သဘာဝဓာတ်ငွေ့ သုံးစွဲသည့်နိုင်ငံအများစုသည် အရှေ့တောင်အာရှဒေသအား စိတ်ဝင်စားလာခြင်းကို ကြိုဆိုကြောင်း၊ အနောက်အာရှရေနံအပေါ် မှီခိုနေခြင်းကိုလျှော့ချပြီး ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေနံရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၎င်းကပြောကြားသည်။

အရှေ့တောင်အာရှဒေသသည် ပင်လယ်ရေနက်ဆိပ်ကမ်းများ တည်ရှိသဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများ အမြောက်အမြား ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘာဒါဝီက ပြောကြားသည်။

အဆိုပါ ကွန်ဖရင့်ကို ၁၉၉၆ခုနှစ်မှစပြီး ကွာလာလမ်ပူ၌ နှစ်စဉ် ကျင်းပခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဟောင်ကောင်ရဲတပ်ဖွဲ့ မှောင်ခိုကုန်များသိမ်းဆည်းရမိ

ဟောင်ကောင် ဇွန် ၁၄

ဟောင်ကောင် မရိန်းရဲတပ်ဖွဲ့သည် မှောင်ခိုတိုက်ဖျက်မှုစစ်ဆင်ရေး တစ်ရပ်အတွင်း လွန်ခဲ့သည့်ဇွန်လ ၁၀ ရက်ညက ဟောင်ကောင်ဒေါ်လာ တစ်သန်းကျော်(အမေရိကန်ဒေါ်လာ ၁၂၈၂၀၅ ဒသမ ၁၃) တန်ဖိုးရှိ မသင်္ကာဖွယ်ရာ မှောင်ခိုကုန်ပစ္စည်းများအား မားစ်ပင်လယ်ကွေ့၌ သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၁ရက်တွင် ပြောကြားသည်။

ဇွန် ၁၀ ရက်ည ၁၁ နာရီ မိနစ် ၃၀ ခန့်တွင် ရဲတပ်ဖွဲ့ရေယာဉ်မှ အရာရှိများသည် ရောင်းကျွန်းမှ ဟောင်ကောင် ရေပိုင်နက်ဆီသို့ ဦးတည်လာနေသော ကုန်ပစ္စည်းများ တင်ဆောင်လာသည့် မီးမထွန်းထားသော အမြန်ရေယာဉ်ငယ်တစ်စင်းကို တွေ့ရှိလိုက်သည်။

ထို့ကြောင့် အရာရှိများသည် အဆိုပါရေယာဉ်ကို ကြားဖြတ်ဟန့်တား ဖမ်းဆီးလိုက်ရသည်။ ရေယာဉ်ပေါ်တွင် မှောင်ခိုကွန်ပျူတာပစ္စည်းများ၊ သားရေအလိပ်များနှင့် အတူ အမည် မသိအဖြူရောင်ပေါင်ဒါမှုန့်သေတ္တာ ၁၇ လုံးကို သိမ်းဆည်းရရှိခဲ့သည်။

ရေယာဉ်ပေါ်တွင်ပါရှိသည့် လူနှစ်ဦးကိုလည်း တရားမဝင်ကုန်ပစ္စည်းများတင်ပို့မှုနှင့် ဟောင်ကောင်သို့ တရားမဝင် ဝင်ရောက်မှုများအတွက် ဖမ်းဆီးလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်ရော်ဘာ တရုတ်သို့ တင်ပို့

ဟန္နိုင်း ဇွန် ၁၁

ဗီယက်နမ်နိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့နေသော ရော်ဘာဈေးနှုန်းသည် တရုတ်စီးပွားရေးလုပ်ငန်းများတွင် လိုအပ်ချက်မြင့်မားလာ၍ ယခုနှစ်နှစ်ဆန်းပိုင်းမှစပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၈၅ဒေါ်လာမှ တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။

ယခုအခါ ဗီယက်နမ်နိုင်ငံ၏ ရော်ဘာသည် အခြားဈေးကွက်များသို့ တင်ပို့သည့်ဈေးထက် တရုတ် ဈေးကွက်တွင် ဒေါ်လာ ၁၀၀မှ၃၀၀အထိ ဈေးပိုရနေကြောင်း ဗီယက်နမ်ရော်ဘာအသင်းက ဇွန် ၉ရက်တွင် ပြောကြားသည်။

ဈေးပေါက်

ဗီယက်နမ်မြောက်ပိုင်း မောင်ကိုင်းနယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံတွင်းသို့ တင်ပို့နေသော ရော်ဘာများသည် ဇွန် ၇ရက်က တစ်တန်လျှင် ဒေါ်လာ ၂၇၀၀ဈေးပေါက်နေပြီး မလေးရှားတွင် ဒေါ်လာ ၂၄၆၀အထိ ဈေးပေါက်နေကြောင်း ၎င်းရော်ဘာအသင်းက ပြောသည်။

တင်ပို့

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း တရုတ်၊ အမေရိကန်၊ ပြင်သစ်၊ ဂျပန်နှင့် တောင်ကိုရီးယားသို့ ဒေါ်လာ ၃၇၆သန်းတန်ဖိုးရှိ ရော်ဘာ ၂၂၁၀၀၀တန် တင်ပို့ခဲ့သည်ဟုဆိုသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့စတုတ္ထ ရော်ဘာအများဆုံးတင်ပို့သော နိုင်ငံဖြစ်ပြီး ၂၀၀၅ခုနှစ်တွင် ရော်ဘာစိုက်ဟက်တာ ၅၀၀၀၀၀ရှိရာမှ ၂၀၁၀ပြည့်နှစ်တွင် ဟက်တာ ၇၀၀၀၀၀အထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျိုးလင်းပြည်နယ် ဆောင်ယွမ်ဒေသတွင် အနည်းဆုံး ငါးမြှာပူးမွေးမည်ဟု ခန့်မှန်းထားသော ကိုယ်ဝန်ဆောင် မိခင်တစ်ဦး၏ ဗိုက်အား တိုင်းတာနေသည်ကို ဇွန်၁၁ရက်က တွေ့ရစဉ်။ (သူမသည် အရပ် ၁ဒသမ ၆၇မီတာရှည်ပြီး ကိုယ်ဝန်ငါးလတွင် ဗိုက်အဝန်းသည် ၁ဒသမ ၇၅မီတာရှိသည်။) **(ဓာတ်ပုံ-အင်တာနက်)**

တရုတ်၌ ကွာရှင်းပြတ်စဲမှုနှုန်းများလာမှုကြောင့် လက်ထပ်ခြင်းဆိုင်ရာ အကြံပေးသင်တန်းများဖွင့်

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံ၌ ၂၀၀၂ခုနှစ်မှစပြီး ကွာရှင်းပြတ်စဲမှုနှုန်း များပြားလာပြီး ၂၀၀၅ခုနှစ်အတွင်း ကွာရှင်းပြတ်စဲသည့် တရုတ်လင်မယားစုံတွဲပေါင်း ၁ဒသမ ၇၈သန်းရှိခဲ့သည်။ ထိုအရင်နှစ်က ကွာရှင်းပြတ်စဲသည့် အတွဲပေါင်း ၁၂၀၀၀၀ သာရှိခဲ့သည်ဟု ဆိုသည်။

တရုတ်နိုင်ငံ၌ လက်ထပ်ပြီးစုံတွဲများ ပြဿနာများဖြင့် ရင်ဆိုင်နေရသောကြောင့် လက်ထပ်အကြံပေး လုပ်ငန်းများ ပေါ်ပေါက်လာသည်။ တရုတ်အမျိုးသမီးအဖွဲ့ချုပ်က လက်ထပ်ခြင်းဆိုင်ရာ ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် လက်ထပ်ခြင်းဆိုင်ရာ အကြံပေး သင်တန်းများကိုလည်း မေလက ပေကျင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကွာရှင်းပြတ်စဲမှု များလာခြင်းကြောင့် တရုတ်နိုင်ငံ၌ လက်ထပ်ထိမ်းမြားခြင်းနှုန်း ကျဆင်းလာသည်။ ၂၀၀၅ခုနှစ်က တရုတ်နိုင်ငံ၌ လက်ထပ်ထိမ်းမြားသည့်ဇနီးမောင်နှံပေါင်း ၈၂၃၀၀၀ရှိခဲ့သည်။ ယင်းမှာ ထိုအရင်နှစ်ကထက် လက်ထပ်သည့် ဇနီးမောင်နှံပေါင်း၄၄၁၀၀၀ ကျဆင်းလျော့နည်းခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

တိုကျို၌ ရထားနှစ်စင်းတိုက်မိ

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံ တိုကျိုဓာတ်ရထားလိုင်းတွင် ဇွန် ၁၃ရက်က ဓာတ်ရထားနှစ်စင်းတိုက်မိပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အခင်းဖြစ်ပွားရာ နေရာသို့ ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး စစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ ခရီးသည် ၃၆ဦးအား တင်ဆောင်လာသော ဓာတ်ရထားတစ်စင်းသည် ဘရိတ် စမ်းသပ်မောင်းနှင်နေသော အခြား ဓာတ်ရထားတစ်စင်းအား နောက်မှဝင်၍ တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၂၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း သယ်ယူ ပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အာကီဟိုက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ချက်ချင်းမသိရှိရသေးကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့အကြီးဆုံးလိမ္မော်ရည်ဖန်ခွက်

ကမ္ဘာ့အကြီးဆုံး လိမ္မော်ရည်ဖန်ခွက်တစ်ခုကိုတွေ့ရစဉ်။ (အပေါ်ပုံ) ဖလော်ရီဒါ ပြည်နယ် ဆီးတဲလ်မြို့တွင် အင်ဂျင်နီယာတစ်ဦးဖြစ်သူ ပွေးကအမြင့် ရှစ်ပေရှိသော ဖန်ခွက်ကြီးတစ်ခုကို ပြုလုပ်ကာလိမ္မော်ရည် ၆ပေ၉ လက်မထည့်ခြင်းဖြင့် ကမ္ဘာပေါ်၌ အကြီးဆုံးလိမ္မော်ရည်ဖန်ခွက်ကြီးတစ်ခုအဖြစ် ပြုလုပ်ခဲ့ကြောင်းသိရသည်။

(အင်တာနက်)

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံးသတင်းစာပုံစံကိတ်မုန့်

ကမ္ဘာပေါ်တွင် အကြီးဆုံး သတင်းစာပုံစံကိတ်မုန့်ကြီး တစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ) တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟာဘင်မြို့တွင် အလွန်ကြီးမားသော သတင်းစာပုံစံကိတ်မုန့်ကြီးတစ်ခုကို ၁၂ နာရီကြာ ပြုလုပ်ခဲ့ကြောင်း၊ ယခုကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်၌ အကြီးဆုံး သတင်းစာကြီးပုံစံ ကိတ်မုန့်တစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

တရုတ်အမျိုးသမီးများအား စီးပွားရေးအခွင့်အလမ်း ပိုမိုမြှင့်တင်ပေးမည်

ကိုင်ရို ဇွန် ၁၄

တရုတ်နိုင်ငံသည် အမျိုးသမီးများ၏ စီးပွားရေးအဆင့်အတန်းကို မြှင့်တင်သွားမည်ဖြစ်ကြောင်း တရုတ် ကလေးများနှင့် အမျိုးသမီးများဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဟောင်ရှန်ဟွိုင်းက ဇွန် ၁၁ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံသည်အမျိုးသမီးများ၏အခွင့်အရေးကိုကာကွယ်လျက်စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ယင်းတို့၏ စီးပွားရေးအဆင့်အတန်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ဇွန် ၁၀ရက်က ဖွင့်လှစ်ခဲ့သော ၂၀၀၆ ကမ္ဘာ့အမျိုးသမီးရေးရာထိပ်သီးအစည်းအဝေးပြင်ပတွင်ဟောင်ရှန်က ဆင်ဟွာသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၁၉၉၅ ခုနှစ်က စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂ အမျိုးသမီးများကွန်ဖရင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်းများ၊ စီးပွားရေးနှင့် လူမှုရေးတိုးတက်မှု အရင်းအမြစ်များသည် အမျိုးသားများနည်းတူ တန်းတူအခွင့်အလမ်းများ ရရှိလာခဲ့သည်။

နည်းပညာအကူအညီ

စနေနေ့က ထိပ်သီးအစည်းဝေး မကျင်းပမီစားပွဲဝိုင်းဆွေးနွေးပွဲ၌ဟောင်က အခြားပါဝင် တက်ရောက်သူ ၄၃ ဦးအား ပြောကြားရာတွင် တရုတ်နိုင်ငံက အမျိုးသမီးများ၏ စီးပွားရေးအဆင့်အတန်းကို အစီအမံသုံးရပ်ဖြင့် ဖော်ဆောင်ပေးနေကြောင်း၊ ယင်းတို့တွင် အမျိုးသမီးများ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ငွေကြေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးရေးလည်းပါဝင်သည်။

ပိုများလာ

တရုတ် အမျိုးသမီးများသည် ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်မှုမှာ ပို၍ပို၍များလာပြီး အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များသည် တရုတ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များ၏ ၂၀ ရာခိုင်နှုန်းရှိလာကြောင်း ဟောင်က ပြောကြားသည်။

တရုတ်နိုင်ငံက အမျိုးသားများနှင့် အမျိုးသမီးများကြား ဖွံ့ဖြိုးရေးအရင်းအမြစ်များ ပိုင်ဆိုင်မှုနှင့်ဝင်ငွေရရှိမှုတို့ကို ကွာဟချက်ကျဉ်းမြောင်းသွားရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သူမကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်အားလုံး ၂၀၃၀ပြည့်နှစ်၌ ဇီဝလောင်စာဆီ သုံးစွဲသွားမည်

တိုကျို ဇွန် ၁၄

ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်အားလုံးသည် ၂၀၃၀ပြည့်နှစ်တွင် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသော ဇီဝအီသနောလောင်စာဆီကို အသုံးပြုမည်ဖြစ်ကြောင်း ဂျပန်သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်ကို အဆာဟိရှင်ဘွန်းသတင်းစာက ဇွန်၁၃ရက်တွင် ဖော်ပြသည်။

အဆိုပါ ဇီဝအီသနောသည် ကြံနှင့်ပြောင်းဖူးကဲ့သို့သော အပင်များမှ ထုတ်ယူရရှိသည့် အရက်ပုံစံတစ်မျိုး ဖြစ်သည်။ ဇီဝအီသနောလောင်ကျွမ်းခြင်းမှ ထွက်ရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့သည် အပင်များမှ ပြန်လည်စုပ်ယူမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက်လည်း ကာကွယ်ပေးမည်ဟုဆိုသည်။

စီစဉ်

အဆိုပါ ဝန်ကြီးဌာနက ၂၀၀၈ခု နှစ်နှင့်၂၀၁၂ခုနှစ်အတွင်း မော်တော်ယာဉ် အားလုံးအတွက် လိုအပ်သော ဥပဒေနှင့် စည်းကမ်းချက်များ ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

လျှော့ချသွားရန်

ဂျပန်နိုင်ငံသည် ကျိုတိုစာချုပ်အရ ၂၀၀၈ခုနှစ်နှင့် ၂၀၁၂ခုနှစ်အတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်းနှင်ကြရန်

(အီး–၁၀)ဇီဝအီသနောလောင်စာဆီ သည် ၂၀၂၀ပြည့်နှစ်မှစပြီး ဂျပန်စျေးကွက်များတွင် ရရှိနိုင်ပေလိမ့်မည်။ ၂၀၃၀ပြည့်နှစ်တွင် ဂျပန်နိုင်ငံရှိ မော်တော်ယာဉ်အားလုံး (အီး–၁၀)လောင်စာဆီကိုအသုံးပြု၍ မောင်းနှင်ကြရန် စီစဉ်ထားကြောင်း သိရသည်။

ညီမျှ

အဆိုပါ ဇီဝအီသနောလောင်စာဆီကို ပြောင်းလဲသုံးစွဲလိုက်ခြင်းဖြင့် ဂျပန်နိုင်ငံသည် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှု တန်ချိန်၁၀သန်း လျှော့ချနိုင်လိမ့်မည်ဟုဆိုသည်။ ၂၀၃၀ပြည့်နှစ်တွင် သုံးစွဲမည့် ဇီဝအီသနောလောင်စာဆီ ပမာဏသည် ရေနံစိမ်း ၂ ဒသမ ၂သန်းကီလိုမီတာနှင့်ညီမျှသည်။

ဂျပန်နိုင်ငံ၌ လောလောဆယ်ရောင်းချပေးနေသော ကားသစ်များသည် (အီး–၃)ဇီဝ အီသနောလောင်စာဆီကို အသုံးပြုနိုင်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇီဝအီသနောလောင်စာသုံး ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရေနံစိမ်းတင်သွင်းမှုနှင့် သုံးစွဲမှု ထိုင်း၌သိသိသာသာကျဆင်း

ဗန်ကောက် ဇွန် ၁၄

ရေနံစိမ်းတင်သွင်းမှုနှင့် ဒေသတွင်း ရေနံထုတ်ကုန်များသုံးစွဲမှုသည် ယခုနှစ်၏ ဇန်နဝါရီနှင့် မေလကြားတွင် သိသိသာသာကျဆင်းခဲ့ကြောင်း ထိုင်းအရာရှိကြီးတစ်ဦးက ဇွန်၁၁ရက်၌ ပြောကြားသည်။

၂၀၀၆ ခုနှစ်ပထမငါးလ အတွင်း ဒီဇယ်အသုံးပြုမှုသည် ပြီးခဲ့သောနှစ် အလားတူကာလကထက် ၈ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ပြီးခဲ့သောနှစ် ဇူလိုင်လကတည်းက ၁၁ လ ဆက်တိုက်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။ ရေနံနှင့်ကတ္တရာမှ ရရှိသောဘင်ဇင်းဓာတ်ဆေးရည် အသုံးပြုမှုသည်လည်း ၂ဒသမ၂ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စွမ်းအင်ပေါ်လစီနှင့် စီမံကိန်းရုံးဒုတိယညွှန်ကြားရေးမှူးချုပ် ဗီရာဖိုက ပြောကြားသည်။

ဆက်လက်၍ မြင့်တက်လာနေသောရေနံဈေးနှုန်းများကြောင့် အစိုးရသည် ရေနံထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို လုပ်ဆောင်ခဲ့သဖြင့် ၂၀၀၆ ခုနှစ် ပထမငါးလတွင် ဒီဇယ်အသုံးပြုမှုသည် သိသိသာသာကျဆင်းလာခြင်းဖြစ်သည်။

ဒေသတွင်းသုံးစွဲမှု ကျဆင်းလာခြင်းကြောင့် ယခုနှစ်၏ ရေနံစိမ်းတင်သွင်းမှုသည် ဇန်နဝါရီနှင့် မေလအတွင်းတွင် နေ့စဉ်စည်၈၃၁၀၀၀သာ ရှိတော့သဖြင့် ပြီးခဲ့သောနှစ်နှင့်နှိုင်းယှဉ်လျှင်၁ဒသမ၉ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်၌မီးရှူးမီးပန်းစက်ရုံပေါက်ကွဲ

ပေကျင်း ဇွန် ၁၄

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ကျေးရွာတစ်ရွာရှိ ပုဂ္ဂလိက မီးရှူးမီးပန်းစက်ရုံ ဇွန်၁၁ရက် နံနက်ပိုင်းက ပေါက်ကွဲမှု ဖြစ်ပွားခြင်းကြောင့် လူငါးဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းစက်ရုံအား ဒါမာကျေးရွာမှ မာဒိုင်ရှန်း ဆိုသူက ပိုင်ဆိုင်ပြီး သေဆုံးသူများထဲတွင် ၎င်းလည်း ပါဝင်ခဲ့သည်။

ဆေးဝါးကုသမှုခံယူ

အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသောအခါ မာဒိုင်ရှန်းသည် ၎င်း၏အိမ်တွင်တရားမဝင်မီးရှူး မီးပန်းများ ထုတ်လုပ်နေကြောင်း တွေ့ရှိခဲ့ရပြီး ဒဏ်ရာရရှိသူများသည် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေဆဲဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်သူ့ဆေးရုံကြီးများ၏ သွေးလိုအပ်ချက်များ စေတနာသွေးလှူရှင်များထံမှရယူ သွေးလှူရှင်များစုဆောင်းခြင်းနှင့် လှူဒါန်းခြင်းကို ဒေသဆိုင်ရာလူမှုရေးအဖွဲ့ပံ့ပိုးကူညီ

ရန်ကုန် ဇွန် ၁၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးတင်ညွှန့်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာလှမြင့်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ဖက်ဒရေးရှင်းမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊သွေးလှူရှင်စည်းရုံးပေးသူများ၊ သွေးလှူဒါန်းရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သွေးလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လေးစားဂုဏ်ပြု

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကမ္ဘာတစ်ဝန်းလုံး၌ရှိသည့် စေတနာသွေးလှူရှင်များ၏ မွန်မြတ်သည့် ကရုဏာစိတ်ကို အသိအမှတ်ပြုဖော်ထုတ်သည့်နေ့ဖြစ်ကြောင်း၊ ကမ္ဘာ့သွေးလှူရှင်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးက အကျိုးအမြတ်တစ်စုံတစ်ရာကို မမျှော်လင့်ဘဲ စေတနာအလျောက် မိမိခန္ဓာကိုယ်ထဲကသွေးကို လိုအပ်နေသည့်သူများအတွက် အလှူဒါနပြုသူများကို လေးစားဂုဏ်ပြုသည့်နေ့လည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြန်မာနိုင်ငံ သွေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး သွေးနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ရန် ခွင့်ပြုပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် သွေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူ့ဆေးရုံကြီးများ၏ သွေးလိုအပ်ချက်များကို ဒေသအတွင်းက စေတနာသွေးလှူရှင်များထံမှ ရယူနေကြသည်ကို တွေ့ရကြောင်း၊ သွေးလိုအပ်နေသည့်အချိန်တွင် ဒေသဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် သွေးလှူရှင်စုဆောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြသည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့်လည်း ပြည်နယ်၊ တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီများက ကြီးမှူး၍ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် သွေးလှူရှင်များ စုဆောင်းခြင်းနှင့် သွေးလှူဒါန်းခြင်းများကို ပံ့ပိုးကူညီလျက်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အကြိမ် (၁၁၀)အထက် သွေးလှူရှင်များအား ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သွေးလှူရှင် စည်းရုံးရေးလုပ်ငန်းများတွင် ပံ့ပိုးကူညီပေးကြသည့် အလှူရှင်များအားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက သွေးလှူရှင်အသင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြံပေးပုဂ္ဂိုလ် ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က တက္ကသိုလ်၊ ကောလိပ်၊ ကြက်ခြေနီအသင်းများအားလည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာလှမြင့်ကမြို့နယ်ကြက်ခြေနီအသင်းများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် မှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် သွေးလှူရှင်များသည် သူနာပြုတက္ကသိုလ်၌ သွေးများ စုပေါင်းလှူဒါန်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၀၆ခုနှစ် ဇူလိုင်လ (၃) ရက် မြန်မာအမျိုးသမီးများနေ့

နိုင်ငံတည်ဆောက် ဂုဏ်မြောက်တာဝန် ကျေပွန်အင်အား မြန်မာအမျိုးသမီးများ



အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

မီးဖိုချောင်အတွင်းစရိုက်ဆိုးများကြောင့် ဗြိတိန်၌ အစာအဆိပ်သင့်သည့်အန္တရာယ်ကြုံတွေ့နေရ

ဗြိတိန်နိုင်ငံသူနိုင်ငံသားများသည် နောက်ဖေးမီးဖိုချောင်အတွင်း ကျင့်သုံးသည့်စရိုက်ဆိုးများကြောင့် သူတို့ကိုယ်တိုင်နှင့် သူတို့မိသားစုတို့အဖို့ အစာအဆိပ်သင့်အန္တရာယ်ကို လက်ယပ်ခေါ်သလိုဖြစ်နေကြောင်း ကွင်းဆင်းလေ့လာချက်အရ သိရသည်။

မသိကြ

၎င်းတို့တွေ့ဆုံမေးမြန်းသော အရွယ်ရောက်သူ ၁၀၀၀အနက် ထက်ဝက်နီးပါးသည် ဟမ်ဘာဂါနှင့် အလားတူစားသုံးရသည့်အစားအစာများနှင့် ဝက်အူချောင်း၊ ကြက်အူချောင်းစသည့် စားဖွယ်များကို မည်သို့ကျက်အောင်ချက်ရမည်ကိုပင် မသိကြကြောင်း တွေ့ရသည်ဟုဆိုသည်။

ပိုးသတ်ခြင်း

ဗြိတိန်နိုင်ငံသားအများစုမှာ မီးဖိုချောင်၌ ဆေးကြောတိုက်ချွတ်ရာတွင် အသုံးပြုသည့် ရေမြှုပ်ကိုပင် မှန်မှန်လဲလှယ်ပိုးသတ်ခြင်းမပြုကြောင်း တွေ့ရသည်။

လွန်ခဲ့သည့်နှစ်အတွင်း ဗြိတိန်နိုင်ငံ၌ အစာအဆိပ်သင့်မှုပေါင်း ၇၉၀၀၀ကျော်ရှိသည်။

တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုစိုက်သဖြင့် ကူးစက်ရောဂါကြောင့် တစ်နှစ်လျှင် အမျိုးသားကျန်းမာရေးဝန်ဆောင်မှု ကုန်ကျစရိတ် ပေါင်စတာလင်ခြောက်ဘီလီယံရှိပြီး ကူးစက်ရောဂါသည် မိသားစုဆရာဝန်ပြသစရိတ်၏ ၃၅ရာခိုင်နှုန်းရှိသည်။

စနစ်မကျ

အစားအစာများ ဘေးအန္တရာယ်ကင်းစွာ သိုမှီးရေးတွင်လည်း စနစ်မကျကြောင်း တွေ့ရသည်ဆို၏။

(ကိုးကား–အင်တာနက်)

သန္တာကျောက်တန်းများပျက်စီးမှု အဓိကအားဖြင့် ရာသီဥတုဖောက်ပြန်ခြင်းကြောင့်ဖြစ်

ကာရစ်ဘီယန်ပင်လယ်အနောက်ပိုင်းမှ စိမ်းလဲ့ကြည်လင်နေသည့် ရေအောက် ငါးမီတာ(၁၅ပေ)တွင် သက်တမ်းနှစ်ပေါင်း ရာထောင်ရှိပြီဖြစ်သော လိပ်ခုံးပုံသန္တာကျောက် အကျိုးအပဲ့အကြွင်းအကျန်များ တည်ရှိနေသည်။

လွင့်စင်နိုင်

ထိုသန္တာကျောက်ပုံမှာ အကြီးအကျယ်ပျက်စီးယိုယွင်းလျက်ရှိရာ နောက်ထပ် ဟာရီကိန်းမုန်တိုင်း တစ်ကြိမ်တိုက်ရုံဖြင့် အလွယ်တကူလွင့်စဉ်သွားနိုင်ကြောင်း ဒေသခံသိပ္ပံပညာရှင်များက ပြောဆိုသည်။

ရာသီဥတုကြောင့်

သို့သော် ဘလိဇ်နိုင်ငံမှ အတားအဆီး ကျောက်တန်းပေါ်ရှိ သန္တာကျောက်များ ပျက်စီးရခြင်းမှာ ဟာရီကိန်း မုန်တိုင်းများကြောင့် အဓိကပျက်စီးရခြင်းမဟုတ်၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် ပျက်စီးသွားခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များက ရှုမြင်သည်။

ရာသီဥတု ဖောက်ပြန်ခြင်းကြောင့် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်နေရာများ ပျက်စီးခဲ့ခြင်းဖြစ်သည်ဆိုသောအချက်ကို ကုလသမဂ္ဂ ကမ္ဘာ့အမွေအနှစ်နေရာများထိန်းသိမ်းရေးကော်မတီက လက်ခံအသိအမှတ်ပြုရန် တိုက်တွန်းသည့် မေတ္တာရပ်ခံချက်ကို ၎င်းတို့က ထောက်ခံလျက်ရှိသည်။

အတားအဆီးကျောက်တန်း

ကမ္ဘာပေါ်တွင် ထိန်းသိမ်းရမည့် နေရာဌာန ငါးခုမှာ ဘလိဇ် အတားအဆီးကျောက်တန်း၊ ဩစတြေးလျ အတားအဆီးကျောက်တန်း၊ နီပေါ၊ ပီရူးနှင့် ရှော့ခီးစ်ရှိ ရေခဲမြစ်ဇုန်များ ဖြစ်သည်။ ဘလိဇ် အတားအဆီး ကျောက်တန်းမှာ ၃၂၂ ကီလိုမီတာ (မိုင် ၂၀၀) ရှည်ပြီး ကမ္ဘာ့အနောက်ခြမ်းတွင် အကြီးဆုံး သန္တာကျောက်တန်း ဖြစ်သည်။

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ စမစ်ဆိုးနီးယန်းသိပ္ပံမှ ဒေါက်တာ မီးစ်မက်ဖီးသည် ဆယ်နှစ်ကျော်ကြာ သန္တာကျောက်တန်းများကို စူးစမ်းလေ့လာခဲ့သူဖြစ်သည်။သန္တာကျောက်တန်းများ ပျက်စီးရခြင်းမှာ အဓိကအားဖြင့်ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်သည်ဆိုခြင်းကို ယုံကြည်သူဖြစ်သည်။

ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ဖြစ်သော ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်ကို အနည်းဆုံးထုတ်သည့် နိုင်ငံအနေဖြင့် ကြီးမားသော ဆုံးရှုံးမှုခံစားနေရခြင်းအပေါ် ဒေါက်တာ မီးစ်မက်ဖီးက ဘဝင်မကျ ဖြစ်နေသည်။

(ကိုးကား–အင်တာနက်)



● *ကျောဖုံးမှ*

အခေါက်ရေ

မြို့ပတ်ရထားများနှင့် ပြေးဆွဲမှု အစီအစဉ်ကို မေးမြန်းရာ "မြို့ပတ်ရထားတစ်စင်းမှာ အနည်းဆုံး ရထားတွဲခြောက်တွဲနဲ့ ခုနစ်တွဲလောက်ပါတယ်။ မနက်ပိုင်းရုံးချိန်၊ ကျောင်းချိန်နဲ့ အလုပ်သမားများအလုပ်သွားချိန်တွေမှာ မြို့ပတ်ရထား ခေါက်ရေများများပြေးဆွဲပေးထားပြီး နေ့ခင်းပိုင်းမှာ အခေါက်ပုံမှန်ပြေးဆွဲပါတယ်။ ညနေပိုင်းရုံးဆင်းချိန်နဲ့ ကျောင်းဆင်းချိန်တွေမှာ အခေါက်ရေပိုမိုများထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

၂၀ တန် လမ်းပိုင်းကို လူကြီးများအတွက် ကျပ် ၆၈၀ နှုန်းနှင့် ကလေးများအတွက် ကျပ် ၃၅၀ နှုန်း သတ်မှတ်ထားကြောင်း၊ ယခု နှုန်းထားများမှာ အသွားအပြန် ခရီးစဉ်များဖြစ်ကြောင်း" ဖြေကြားသည်။

အချိန်လွဲချော်မှု

ထို့နောက် မြို့ပတ်ရထားများ တစ်ခါတစ်ရံအချိန်အနည်းငယ်လွဲချော်မှုနှင့်ပတ်သက်၍မေးမြန်းရာ"ရန်ကုန်မြို့ပတ်ရထားလမ်းဟာ အသွားတစ်လမ်း၊ အပြန်တစ်လမ်းသာရှိခြင်းကြောင့် တစ်ခါတစ်ရံ စက်ချွတ်ယွင်းလျှင် နောက်ရထားတစ်စင်းကလဲ နောက်မှ ကျော်တက်၍ မရကြောင်း၊ ဘတ်စ်ကားထက် စီးရတာ၊ ခရီးသွားရတာ အဆင်ပြေတယ်၊ ခရီးစရိတ်လဲ သက်သာတယ်။ ဒါကြောင့် မြို့ပတ်ရထားနဲ့ပဲ အမြဲသွားဖြစ်ပါတယ်၊ အခု ကျောက်ရေတွင်း သွားမှာပါ"ဟု ပြောကြားသည်။

တစ်ဖန် မင်္ဂလာဒုံမှာ နေထိုင်သူ မြို့ပတ်ရထားစီးခရီးသည် တစ်ဦးဖြစ်သည့်မအေးအေးသန့်အား မေးမြန်းရာ**"အရင်ကထက် မြို့ပတ်ရထားတွဲတွေ ပိုကောင်းလာတယ်၊ နံနက်ပိုင်းတွေမှာ ခရီးသွားတွေများပေမယ့် နေ့ခင်းအချိန်မှာ ချောင်ပါတယ်။ အဓိက စီးဖြစ်တာက ခရီးစရိတ် သက်သာတယ်၊ လူသက်သာတယ်၊ တစ်ခါတလေ မြို့ပတ်ရထားအချိန်**

ပြည်သူများခရီးသွားလာရေးအဆင်ပြေချောမွေ့စေရန် မြို့ပတ်ရထားများကိုမြန်မာ့မီးရထားကအားဖြည့်ဆောင်ရွက်နေ

ဆင်ခြေဖုံးရထားပြေးဆွဲမှုနှင့် ပတ်သက်၍ ဦးစိန်လွင်က **"ရန်ကုန်-တိုးကြောင်လေး-ရွာသာကြီးခရီးစဉ်၊ ရန်ကုန် - တိုးကြောင်လေး - ဒဂုံတက္ကသိုလ်ခရီးစဉ်၊ ရန်ကုန်-တိုးကြောင်လေး-အရှေ့ပိုင်းတက္ကသိုလ်ခရီးစဉ်နဲ့ ရန်ကုန်-တိုးကြောင်လေး-သီလဝါခရီးစဉ်များကို နေ့စဉ်ပြေးဆွဲပေးနေကြောင်း"**ပြောကြားသည်။

မြို့ပတ်ရထားပြေးဆွဲမှုနှင့်ပတ်သက်၍ တိုင်းအမှတ်(၇)တိုင်းတာဝန်ခံအရာရှိ ဦးစိန်လွင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

တစ်သိန်းကျော်

နေ့စဉ်ခရီးသွားပြည်သူဦးရေနှင့် သတ်မှတ်ခရီးစဉ်နှုန်းထားများကို မေးမြန်းရာ"တစ်နေ့ကို မြို့ပတ်ရထားစီးသူပြည်သူဦးရေတစ်သိန်းကျော်ရှိကြောင်း၊ မီးရထားလက်မှတ်နှုန်းထားများအနေဖြင့် ရန်ကုန်-ရွာသာကြီး ကျပ်၁၀၊ ရန်ကုန်-ဒဂုံတက္ကသိုလ် ကျပ်၁၀၊ ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ် ကျပ်၂၀နဲ့ ကျန် မြို့ပတ်ခရီးစဉ်များလဲ ယခု နှုန်းထားများအတိုင်းပင်

စီးရတာ သက်သာ

မြင်တဲ့အတိုင်း လူက အရမ်းချောင်တယ်၊စီးရတာ သက်သာတယ်၊ အဆင်ပြေပါတယ်။

ခရီးသွား ဒေါ်စန်းကြည်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ဖြစ်၍ ဈေးသက်သာပါကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

မြို့ပတ်ရထားများကို ပြည်သူများအနေဖြင့် လသုံးစီးနင်းပါက မည်သို့ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ မေးမြန်းရာ"ကျောင်းသားတွေအတွက်ကတော့ ကျပ်၁၀လမ်းပိုင်းကို တစ်လလျှင် ကျပ် ၂၃၀ နှုန်း၊ ကျပ် ၂၀ လမ်းပိုင်းကို တစ်လလျှင် ကျပ် ၄၆၀ နှုန်း၊ သာမန်အရပ်သား ပြည်သူ(လူကြီး)တွေအတွက် ကျပ်၁၀ လမ်းပိုင်းကို တစ်လ ကျပ်၃၄၀နှင့် ကလေးများအတွက် ကျပ် ၁၈၀နှုန်း၊ ကျပ်

ပြုပြင်ရသည့်အတွက် အချိန်အနည်းငယ်လွဲချော်မှုဖြစ်ရကြောင်း၊ နောက်တစ်ချက်မှာ မိုးကာလ၌ မိုးသည်းထန်စွာရွာသွန်းလျှင် အလိုအလျောက်အချက်ပြမီးများ ချို့ယွင်းတတ်ကြောင်း၊ ထိုအခါ မီးနီပေါ်နေသဖြင့် မီးရထားဥပဒေအရ အနည်းဆုံး တစ်မိနစ်ခန့်စောင့်စားရပ်နေရတတ်ကြောင်း၊ ထိုအခါမျိုး၌ အနည်းငယ် အချိန် လွဲချော်မှု ဖြစ်တတ်ကြောင်း" လည်း မြန်မာ့အလင်းသို့ ဦးစိုးလွင်က ရှင်းပြသည်။

ခရီးစရိတ်သက်သာ

ထို့နောက် မြို့ပတ်ရထားစီး ခရီးသွားပြည်သူများနှင့် မြို့ပတ်ရထားစီးရမှုအခြေအနေကို မေးမြန်းရာ ပထမဦးစွာ မင်္ဂလာဒုံခေါင်းလှည့် မြို့ပတ်ရထားနှင့် စီးနင်းလိုက်ပါသူ တာဝါကရိန်းတပ်ဆင်မှုအလုပ်လုပ်ကိုင်သူ ဦးလေးမြင့်အား မေးမြန်းရာ "မြို့ပတ်ရထားကို အမြဲစီးဖြစ်ပါတယ်။ **နည်းနည်း လွဲတတ်တာက လွဲပြီး အဆင်ပြေပါတယ်"**ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

သဘောကျ

ထို့နောက် မြို့ပတ်ရထားစီးသူ သာကေတမှ ဒေါ်စန်းကြည်ကို မေးမြန်းရာ"မြို့ပတ်ရထားကို တစ်ခါတစ်ရံ စီးဖြစ်ပါတယ်။ အမြဲတော့ မစီးဖြစ်ဘူး၊ မစီးဖြစ်တာက လမ်းမကြုံလို့ပါ။ အခုစီးလာတဲ့အခါ မြင်တဲ့အတိုင်း လူလဲချောင်တယ်၊ စီးရတာ အဆင်ပြေတယ်။ နေ့ခင်းဘက် မြို့ပတ်ရထားနဲ့ခရီးသွားရတာ အရမ်းသဘောကျတယ်"ဟု ပြောကြားသည်။

ရန်ကုန်မြို့တွင် နေထိုင်သူ ပြည်သူများအား ခရီးသွားလာရေးအဆင်ပြေချောမွေ့စေရန် အားဖြည့်ဆောင်ရွက်ပေးနေသော မြန်မာ့မီးရထား၏ မြို့ပတ်ရထားများနှင့် ပတ်သက်၍ အများပြည်သူတို့သိရှိရန် ကွင်းဆင်းတွေ့ဆုံမေးမြန်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အရင်ကထက် မြို့ပတ်မီးရထားတွဲတွေပိုကောင်းလာတယ်၊ ခရီးစရိတ်လဲ သက်သာတယ်၊ စီးရတာ အဆင်ပြေတယ်။

ခရီးသည် မအေးအေးသန့် မင်္ဂလာဒုံမြို့နယ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာ့ဖလားဘောလုံးပွဲနှင့်သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျာမနီ၌ကျင်းပနေပြီဖြစ်ရာ ဇွန် ၁၅ ရက် **(ယနေ့)**ကစားကြမည့် ဘောလုံးပွဲများနှင့်ပတ်သက်၍ အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

ဦးစိုးမြင့်လွင် (မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း)

- **အီကွေဒေါနဲ့ ကော့စတာရီကာပွဲကတော့ တစ်သင်းနဲ့တစ်သင်း ခြေမကွာဘူး၊ အီကွေဒေါက ခြေတက်လာတဲ့အသင်းဆိုတော့ အလေးသာနိုင်ပါတယ်၊ ကော့စတာရီကာကလည်း တစ်ပွဲရှုံးထားတော့ ဒီပွဲမှာ အားထည့်ကစားမှာပါ။**
- **အင်္ဂလန်နဲ့ ထရီနီဒက်ပွဲမှာ အသင်းလိုက်ကစားပုံ နည်းစနစ်ပိုင်းတွေမှာ အင်္ဂလန်ကိုမမီပါဘူး၊ ထရီနီဒက်တို့ ဆွီဒင်ကို သရေကစားနိုင်ပေမယ့် အင်္ဂလန်ကို မလွယ်ပါဘူး၊ အင်္ဂလန်အနိုင်ရမယ့်ပွဲပါ။**
- **ဆွီဒင်နဲ့ပါရာဂွေးပွဲမှာ နည်းစနစ်မတူတဲ့ အသင်းနှစ်သင်းတွေ့တဲ့ပွဲပါပဲ၊ ဆွီဒင် ကစားအားကောင်းသလို ပါရာဂွေးကလည်း ဒီပွဲမှာ အနိုင်ရအောင်ကစားမှာပါ၊ ဘောလုံးနည်းစနစ်ပိုင်းနဲ့ကစားပုံမှာ ပါရာဂွေးတို့မညံ့ပါဘူး၊ ကြည့်ကောင်းမယ့်ပွဲပါ။**

သရုပ်ဆောင် ရီဝေယံ

- **အီကွေဒေါနဲ့ ကော့စတာရီကာ ပွဲကတော့ သရေဖြစ်နိုင်တဲ့ပွဲပါပဲ၊ အီကွေဒေါခြေစွာတဲ့အတွက် ကော့စတာရီကာတို့ ကြိုးစားကစားရမှာပါ။**
- **ထရီနီဒက်တို့ အင်္ဂလန်ကို မယှဉ်နိုင်ပါဘူး၊ ဒါပေမယ့် ထရီနီဒက်ကလည်း လျှော့တွက်လို့မရတဲ့အသင်းဖြစ်တော့ အင်္ဂလန်ပေါ့ဆဆကစားလို့မရဘူး၊ အင်္ဂလန်ခက်ခက်ခဲခဲကစားရမယ့် အနေအထားရှိတယ်။**
- **ဆွီဒင်နဲ့ပါရာဂွေးတို့ပွဲကတော့ ဆွီဒင်ကလည်း အနိုင်ကစားမယ်၊ ပါရာဂွေးကလည်း တစ်ပွဲရှုံးထားတော့ အနိုင်ကစားမယ်။ ကြည့်ကောင်းမယ့်ပွဲပါ၊ ပွဲရလဒ်အပြတ်ပြောမရနိုင်တဲ့ ပွဲစဉ်ပါပဲ။**

(မြန်မာ့အလင်း)

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၁၅ ရက်)၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အရှေ့ပိုင်းခရိုင် မိခင်/ ကလေးကြီးကြပ်ရေးအဖွဲ့ ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ဆယ်အိမ်စုမှူး အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၈နာရီတွင် မင်္ဂလာတောင်ညွန့်အထက(၁)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က အဖွင့်အမှာစကားပြောကြားပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ရာသက်ပန် အဆိုပြုလွှာများကို ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌထံသို့ ပေးအပ်ကြသည်။ **(ယာအောက်ပုံ)**

ဆက်လက်၍မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ယဉ်မြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းများအတွက် သွေးလွန်တုပ်ကွေး ပညာပေးကားချပ်များကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် အထက(၁) ကျောင်းအုပ်ကြီးတို့ကလက်ခံရယူသည်။

ကျင်းပမည်

ဆယ်အိမ်စုမှူးအကောင်အထည်ဖော်ရေး ဆရာဖြစ်ဆင့်ပွားသင်တန်းသို့ အသင်းဝင် ၁၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းဝင်းအတွင်း၊ အပြင် ပတ်ဝန်းကျင်၌ ပြည်ခိုင်ဖြိုး၊ အရန်မီးသတ်၊ ကြက်ခြေနီ၊ မိခင်/ကလေး အသင်းဝင်များနှင့် ကျောင်းသူ ကျောင်းသားများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

(၂၅၉)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၆-၂၀၀၆ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	ယနေ့သိပ္ပံနှင့်နည်းပညာ (အေးသူမြင့်၊ သန္တာအေး)
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	Graphic Design (ဦးမြင့်မောင်ကျော်၊ ဦးမျိုးမြတ်သူ)
၇:၅၀	ပြည်တွင်းသတင်းအကျဉ်း
၈:၀၀	ခေတ်မီစတိုင်ကျ ရယ်ဒီမိတ် အထည်လုလု
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ရွှေအမြုတေစာပေဆု ဆုပေးပွဲအခမ်းအနား
၈:၃၀	မိုးလေဝသခန့်မှန်းချက်
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	တည်ဆောက်ရေးအတွက် မျက်နှာပန်းလှသည့် ထုတ်ကုန် သရက်ဘိလပ်မြေစက်ရုံ
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	တန်(၃၀၀)ဆံ့ အအေးခန်းနှင့် ရေခဲစက်ရုံ(စစ်တွေ)
၉:၀၅	တေးဂီတအစီအစဉ်
၉:၁၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (အများအကျိုးဆောင်သယ်ပိုး)
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံမှူးတင်) ဆေးရွက်ကြီးအန္တရာယ်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	သိမ်းဆည်းထားဝစဉ် မညှိုးပန်းအသွင်
၁၀:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၃၀	သင်ယူလေ့လာဂီတပညာ (လှရွှေ စန္ဒရားသင်တန်းကျောင်း)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ဒီဇိုင်းယဉ်ကျေးမှု
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	အသုံးပြုစရာ ကာဘွန်ဒိုင် အောက်ဆိုဒ်ဓာတ်ငွေ့
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	Music Talk (ဒေါက်တာဇော်သန်း၊ ပန်းအိဖြူ)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျောက်ဆည်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၁၄

ကျောက်ဆည်အသင်း(ရန်ကုန်)၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီခန်းမရှေ့ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့တွင် ၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၁၄ရက် **(ဇူလိုင် ၈ရက်)**စနေနေ့ နံနက် ၇နာရီမှစတင် ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများနှင့် ကျောက်ဆည်နယ်သူနယ်သားများ ကြွရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲတွင် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက ကျောက်ဆည်အသင်း(ရန်ကုန်) ဖုန်း–၅၅၂၇၃၆၊ ဥက္ကဋ္ဌ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း(ငြိမ်း)(လမ်းမတော် ခင်မောင်ထွန်း) ဖုန်း–၀၉–၅၁၃၉၉၇၆၊ ဒုတိယဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်) ဖုန်း–၆၃၅၂၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင် ဖုန်း–၂၉၀၀၅၁၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့် ဖုန်း–၀၉–၈၀၃၂၁၁၄၊ အတွင်းရေးမှူး ဦးကျော်မြအောင် ဖုန်း–၀၉–၉၉၇၂၆၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇွန် ၁၀ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပြည်မြို့ ဓမ္မောဒယ ဘုန်းတော်ကြီးကျောင်း၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအတွက် စာရေးကိရိယာများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းဇော်ပြုံး) (သတင်းစဉ်)

✡ ရှေ့ဖုံးမှ

သစ်တော ဦးစီးဌာန ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံ ပြည်သူများနှင့်အတူ ခြံစည်းရိုး ကြက်ဆူပင် ၁၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် မကွေးတိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော့မောင်က မကွေးတိုင်းအတွင်း ခြံစည်းရိုး ကြက်ဆူပင် လျာထားစိုက်ပျိုးဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကွင်းအမှတ်(၂၉၀၄)၌ တောင်သူများစိုက်ပျိုးထားသည့် နှမ်းစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုကိုကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မကွေးတိုင်းရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်မောင်အေးထူးက လျှပ်စစ်မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပြီးစီးမှု၊ မြို့ပြလုပ်ငန်းများပြီးစီးမှု၊ လျှပ်စစ်ရရှိမှု၊ စက်တပ်ဆင်မှုနှင့် ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ပင်မရေတင်စခန်း၌ ရေပေးဝေနေမှုနှင့် လှေကားထစ်လယ်ယာဖော်ထုတ်မှု၊ ယာမှ လယ်ပြောင်း၍ စံပြစိုက်ခင်းနေရာ၌ စပါးစိုက်ပျိုးမှုများကိုလည်းကောင်း၊ ရေတင်အဆင့်(၃)က ပေးဝေသည့်ရေဖြင့် စပါးစိုက်ပျိုးထားမှုများနှင့် သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ လမ်းဝဲ၊ယာ၌ စိုက်ပျိုးထားသည့် စပါးမျိုးသန့်စံပြကွက်များ၊ ပုတီးကုန်းကျေးရွာက စိုက်ပျိုးထားသည့် ယာမှလယ်သို့ ပြောင်းရွှေ့စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများ၊ နှမ်းခင်းများနှင့် မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ရေနံချောင်းမြို့သို့အထွက် ကန်ပြားကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် တန်လှကျေးရွာနှင့် မကျည်းကန်ကျေးရွာအကြား၌ တည်ဆောက်လျက်ရှိသည့် ခုတင်(၂၀၀)ဆံ့သင်ကြားရေးဆေးရုံ တည်ဆောက်ရေးစီမံကိန်းနှင့် မကွေးဆေးတက္ကသိုလ် ပင်မဆောင် (Block-C)တည်ဆောက်ရေးစီမံကိန်းတို့ကို တာဝန်ယူတည်ဆောက်လျက်ရှိသည့်အမှတ် (၂)စက်မှုဝန်ကြီးဌာနမြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပါမောက္ခချုပ်ဒေါက်တာ မောင်မောင်ဝင်းက မကွေးဆေးတက္ကသိုလ်၌ ကျောင်းသားကျောင်းသူများနှင့် စာသင်ကြားနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ တည်ဆောက်ရေးတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းဇော်က သင်ကြားရေးဆေးရုံနှင့် စာသင်ဆောင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခုတင်(၂၀၀)ဆံ့သင်ကြားရေးဆေးရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နှင့် မကွေးဆေးတက္ကသိုလ်ပင်မဆောင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ကိုက်ညီရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မကွေးမြို့ရှိ မြို့တော်ခန်းမ၌ တိုင်း၊ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ဖြည့်စွက်တင်ပြ

ရှေးဦးစွာ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်းနှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်တို့က မိမိတို့ခရိုင်များ၏ စပါးတိုးချဲ့စိုက်ပျိုးမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ခရိုင်အသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စေတနာထားဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မကွေးတိုင်းသည် နိုင်ငံတော်၏ စီးပွားရေးတွင် အားထားရသောတိုင်းကြီးများ၌ ပါဝင်သည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ စပါးစိုက်ပျိုးမှုရည်မှန်းချက် ဧက ၁၀ သိန်းပြည့်မီအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေနှင့် စိုက်ပျိုးမြေတိုးချဲ့ရရှိရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဆောင်ရွက်သွားကြရန်၊ ခြံစည်းရိုးကြက်ဆူပင်များကို တိုင်းအတွင်းစီမံချက် ချမှတ်၍ဆောင်ရွက်လျက်ရှိသည့်အတိုင်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန်နှင့် မိမိတာဝန်ကျရာ လုပ်ငန်းအသီးသီးကို တာဝန်ကျေပွန်ရုံသာမကဘဲ စေတနာထား၍ပါ မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၁၄

ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ (၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့် ရဟန်းအသုံးအဆောင်ပစ္စည်းများ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ရုံးအဖွဲ့မှူးဦးခင်ဇ ဖုန်း–၆၄၀၀၆၂ ထံ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေး ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဆက်လက်ကျင်းပ

ရန်ကုန် ဇွန် ၁၄

အမျိုးသားညီလာခံစုံညီ အစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင် ဦးမြစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အလှည့်ကျသဘာပတိအဖွဲ့ဝင်များနှင့် လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာအခန်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈) ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရန် ယမန်နေ့ကကျန်ရှိနေသော နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုင်ရာအခန်းနှင့် တပ်မတော်အခန်းအတွက် စာတမ်းများရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေး ဆောင်ရွက်ကြပြီး ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၆) ရပ်ကွက် ပြည်ထောင်စုလမ်းမရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) အခွန်လွတ်ဈေးသို့ လည်းကောင်း၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက် ရာဇာဓိရာဇ်လမ်းရှိ ဒဂုံမြို့သစ် (မြောက်ပိုင်း)အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေအခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင် ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးများသို့ လည်းကောင်းသွားရောက်၍ ဈေးများအတွင်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ဝိုင်းဝန်းကြပ်မတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်တိုင်းအတွင်းရှိ ပြည်သူများအတွက်လိုအပ်သည့်အခြေခံစားသောက်ကုန်များကို သန့်ရှင်းလတ်ဆတ်စွာ၊ ဈေးနှုန်းသက်သာစွာ လွယ်လင့်တကူဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ တိုင်းအတွင်း ယခင်က အခွန်လွတ်ဈေးခြောက်ခုသာရှိခဲ့ရာမှ ယခုအခါ အခွန်လွတ်ဈေးသစ်ငါးခု ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဈေးအဂ္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ရောင်းချဝယ်ယူကြစေရေး ဝိုင်းဝန်းကြပ်မတ် ထိန်းသိမ်းကြရန်လိုကြောင်း မှာကြားပြီး ဈေးရောင်းချသူများနှင့် ဈေးဝယ်ယူသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအသီးသီးတို့တွင် ဝန်ကြီးဌာနများ၊ တပ်ရင်း၊တပ်ဖွဲ့များ၊ အသင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအရောင်းဆိုင်များက လူသုံးကုန်ပစ္စည်းများ အပါအဝင် သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် သားငါးများ၊ ကြက်ဥများကို ပြည်သူများဈေးနှုန်း သက်သာစွာ၊ စိတ်ချမ်းမြေ့စွာဖြင့် ဝယ်ယူနိုင်ရေးအတွက် ရောင်းချပေးလျက်ရှိရာ ဈေးဝယ်ယူသူ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

အစည်းအဝေးကျင်းပ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေး ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး ကြိုးစားဆောင်ရွက် အလားအလာကောင်းသောနေရာများ၌ တွင်းသစ်များတိုးချဲ့ ရှာဖွေ

ရန်ကုန် ဇွန် ၁၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၁၂ရက်တွင် ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မြန်အောင်ရေနံမြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေနံမြေအစည်းအဝေးခန်းမ၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးလှငွေက မြန်အောင် ရွှေပြည်သာ ရေနံမြေ၏ လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ တွင်းသစ်များ ဆက်လက်တူးဖော်သွားမည့် အခြေအနေ၊ ခြံစည်းရိုးကြက်ဆူပင်နှင့် အခြားသီးပင်၊ စားပင်၊ အရိပ်ရပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မြန်အောင် ရွှေပြည်သာ ရေနံမြေအတွင်း အလားအလာကောင်းသောနေရာများ၌ တွင်းသစ်များ တိုးချဲ့ရှာဖွေတူးဖော်သွားရန်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေး ကြိုးစားဆောင်ရွက်သွားကြရန်၊ ရေနံမြေများအားလုံးသည် ငွေကြေးသုံးစွဲရာတွင် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စိစစ်သုံးစွဲကြရန်နှင့် ရေနံမြေအတွင်း၌ မြေလွတ်မြေရိုင်းများပါမကျန် ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်အောင်ရေနံမြေလုပ်သားခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ရွှေပြည်သာ ရေနံမြေသို့ရောက်ရှိရာ ရေနံမြေရှင်းလင်းဆောင်၌ရေနံမြေ အထွေထွေမန်နေဂျာက ရွှေပြည်သာရေနံမြေ၏ နေ့စဉ်ရေနံထုတ်လုပ်မှုအခြေအနေ၊ ရွှေပြည်သာ တွင်းသစ်အမှတ်(၅၈) တူးဖော်ပြီးစီးမှုနှင့် တွင်းသစ်အမှတ်(၅၉)ကို ဆက်လက်တူးဖော်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက တွင်းသစ်များကို သတ်မှတ်အနက်ပေသို့ တူးဖော်ရာတွင် တွင်းတူးဖော်ရက် နည်းနိုင်သမျှနည်းအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တစ်ရက်စောပြီးက တစ်ရက် တိုင်းပြည်အတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း၊ ရွှေပြည်သာဒေသ၌ တူးဖော်စဉ် မြေအောက်တွန်းကန်အားများသော ဒေသဖြစ်၍ အထူးဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ တစ်ဖက်မှလည်း ကျွမ်းကျင်သူပညာရှင်များအနေဖြင့် မိမိတို့၏ အတွေ့အကြုံ နည်းပညာပိုင်းတို့ကို ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်း ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီးလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အသစ်တူးဖော်ပြီးစီးသည့် ရွှေပြည်သာ တွင်းသစ် အမှတ်(၅၈)သို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တွင်းသစ်အမှတ်(၅၈)မှ တစ်ရက်လျှင် ရေနံစိမ်း ၅၄စည်ခန့်ကို နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ယခုအခါ မြန်အောင်၊ ရွှေပြည်သာ ရေနံမြေမှ ရေနံစိမ်း ၄၁၅ စည်ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရွှေပြည်သာရေနံမြေရှိ တွင်းသစ်အမှတ်(၅၈) တူးဖော်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စပိန်အသင်းက ယူကရိန်းကို လေးဂိုးပြတ်နိုင်

ရန်ကုန် ဇွန် ၁၄

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)ပွဲစဉ်များကို ယနေ့ မြန်မာ စံတော်ချိန် ည၇နာရီခွဲက လိုက်ပ်ဇစ်မြို့ရှိ Zentralstadion အားကစားကွင်း၌ကျင်းပရာ စပိန်အသင်းက ယူကရိန်းအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စပိန်အသင်းက မျက်နှာသစ်ယူကရိန်းအသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့ရာ ပြိုင်ဘက်အသင်းများ၏ အထူးအာရုံစိုက်ခြင်းကို ခံရပြီဖြစ်သည်။ စပိန်အသင်း၌ နာမည်ကြီး ဘောလုံးသမားများပါဝင်နေ၍ အနိုင်ရရှိမည်ဟု ထင်ကြေးပေးခဲ့ကြသော်လည်း ယခုလောက်ဂိုးပြတ်နိုင်မည်ဟု မထင်ခဲ့ကြချေ။ ဒုတိယပိုင်း၌ ယူကရိန်းအသင်းမှ အားကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံရခြင်းကြောင့်လည်း ယခုကဲ့သို့ ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထုတ်ပယ်ခြင်းခံရ

စပိန်အသင်းအတွက် ပထမဂိုးကို ပွဲစပြီး၁၃မိနစ်အကြာတွင် အလွန်ဆို(လီဗာပူး)က သွင်းယူပေးခြင်းဖြစ်သည်။ စပိန်အသင်းဦးဆောင်ဂိုးရရှိပြီးနောက် ခြေအသာစီးမှုကစားနိုင်ခဲ့ရာ ၁၇မိနစ်တွင် ဒေးဗစ်ဗီလာက ဒုတိယဂိုးသွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် စပိန်အသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းပြန်စပြီး မကြာမီ ၄၇မိနစ်တွင် ယူကရိန်းအသင်းမှ ဗက်ချုခ်(ဒိုင်နမိုကိဗ်)အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ဦးတည်းဖြင့် ကစားသွားရသည်။

စပိန်အသင်းအတွက် တတိယဂိုးကို ၄၈မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် ဒေးဗစ်ဗီလာက သွင်းယူပေးသည်။ စပိန်အသင်းက အနီးပေးစနစ်ဖြင့် လျင်လျင်မြန်မြန်ထိုးဖောက်ကစားရာ ယူကရိန်းအသင်း မထိန်းနိုင်ဘဲ နောက်မှလိုက်ကစားရသည်။ စပိန်အသင်းတွင် ရာအူးလ်ပါဝင်ကစားသကဲ့သို့ ယူကရိန်းအသင်တွင်လည်း ရှက်ဗ်ချင်ကို ပါဝင်ကစားခဲ့သည်။ စပိန်အသင်းအတွက် စတုတ္ထဂိုးကို အလယ်တန်းလူများအဆင့်ဆင့် အပေးအယူလုပ်ကစားရင်း ၈၁မိနစ်တွင် တောရက်စ်(အက်သလက်တီကို)က လှလှပပကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်

စပိန်အသင်းသည် ယခုပွဲအနိုင်ရရှိသဖြင့် အုပ်စုပထမရရှိရန် အလားအလာကောင်းသွားပြီဖြစ်သည်။ ယူကရိန်းအသင်း၏ ယနေ့ယှဉ်ပြိုင် ကစားသွားသည့်ခြေစွမ်းအရ ဂိုးပြတ်ရှုံးသော်လည်း အုပ်စုတက်နိုင်သည့် အနေအထားဖြစ်သည်။ အုပ်စုဒုတိယပွဲစဉ်များအဖြစ် ဇွန်၁၉ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့် ယူကရိန်းအသင်း၊ ဇွန်၂၀ရက်တွင် စပိန်အသင်းနှင့် တူနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(သတင်းမှတ်စု-ကိုထွေး)**

စပိန်အသင်းနှင့် ယူကရိန်းအသင်းတို့၏ပွဲစဉ်၌ စပိန်အသင်းအတွက် ပထမဂိုးသွင်းယူပေးခဲ့သူ အလွန်ဆိုအား ကစားဖော်များက ဤသို့ ပွေ့ဖက်ဂုဏ်ပြုခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

ကျောဖုံးမှ

ထွက်ခွာကြရာ ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့အဝင်ရှိ နွေစပါး တစ်ဆက်တစ်စပ်တည်း ဆင်းရွှေလီ(၈၀၂)အမျိုးအစား ဧက၄၁၀ စိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံတို့က ဆင်းရွှေလီ(၈၀၂)အမျိုးအစား အထွက်တိုးစပါး စိုက်ပျိုးမှုနှင့်စပါးထွက်ရှိမှုအခြေအနေ၊ အကျိုးရလဒ်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက စပါးစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စက်မှုလယ်ယာစနစ်သို့ ရောက်ရှိအောင် ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းငေါ့မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှု စစ်ဆေးပြီး မိုင်းငေါ့မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြရာ ညှိခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်း၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းနှင့် ရပ်မိရပ်ဖ ဦးအောင်သန်းတို့က မိုင်းငေါ့မြို့၏ ဒေသဆိုင်ရာ အခြေအနေများ၊ ဒေသ၏ဖွံ့ဖြိုး တိုးတက်မှုအခြေအနေ၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ဒေသ၏ လမ်း၊တံတားများ အခြေအနေ၊ ဒေသ၏ အဓိကစိုက်ပျိုးသီးနှံ လက်ဖက် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန်လမ်းနှင့် မိုင်းငေါ့-မိုးမိတ်လမ်းတို့ကို ရာသီမရွေး ဆက်သွယ်သွားလာနိုင်အောင် ဆောင်ရွက်ရေး၊ဒေသ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သော လက်ဖက်ကို နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှစေရန်၊ အရည်အသွေးပိုမိုကောင်းမွန်အောင် ကြံဆောင်ထုတ်လုပ်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို မြေလွတ်များနှင့် တောင်ကုန်း တောင်စောင်းများပေါ်တွင် ကျယ်ကျယ် ပြန့်ပြန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းငေါ့မြို့ဝန်းကျင်ရှိ စပါးစိုက်ခင်းများနှင့် နွေစပါးစိုက်ခင်းများအတွက် စိုက်ပျိုးရေရယူနေသော မိုင်းငေါ့ရေလွှဲဆည်တို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကျောက်မဲမြို့နယ် ဟဲခမ်းကျေးရွာသို့ ရောက်ရှိကာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်က ကျေးရွာဒေသခံ တိုင်းရင်းသားများအတွက် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန် လမ်းပိုင်း အခြေအနေ၊ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးမှုအခြေအနေ၊ စပါးနှင့် လက်ဖက်စိုက်ခင်းများနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး နမ့်ဆန်မြို့သို့ ရောက်ရှိကြသည်။

နီးကြားတက်ကြွ

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နမ့်ဆန်မြို့ရှိ မြို့နယ်ညှိရိပ်သာ၌ နမ့်ဆန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကီးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံ အကျိုးပြုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ နီးကြား တက်ကြွစွာ ပါဝင်ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် မှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ အောင်မြင်အောင်စိုက်ပျိုး သဘာဝတောထိန်းနေရာများ သတိပေးတားမြစ်ဆိုင်းဘုတ်များစိုက်ထူ

ရန်ကုန် ဇွန် ၁၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၉ ရက်တွင် ကျောက်ပန်းတောင်း မြို့နယ် အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာန ဆည်ပေါက် အမြဲတမ်းပျိုးဥယျာဉ်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ပျိုးပင်ပေါင်း နှစ်သိန်းငါးသောင်းကျော် စိုက်ပျိုးရန်စီမံထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊ သဘာဝတောထိန်းနေရာများ၌ သတိပေးတားမြစ်ဆိုင်းဘုတ်များ စိုက်ထူထားရန်၊ စိုက်ခင်းများအောင်မြင်အောင်စိုက်ပျိုးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်သို့ရောက်ရှိပြီး တမာစိုက်ခင်းများအတွင်း ခြံစည်းရိုးကြက်ဆူပင်များ ရောနှော စိုက်ပျိုးအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ရွှေပုံတောင်စိမ်းလန်းစိုပြည်ရေး ဧက၃၀၀၀စိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ရွှေ့ပြောင်းစိုက်ပျိုးထားသော အပင်ကြီးများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် မြကန်စိမ်းလန်းစိုပြည်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က လုပ်ငန်းဆိုင်ရာများရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက်ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး တုရင်တောင်စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇွန်၁၀ရက်တွင် မုံရွာမြို့ မြန်မာ့သစ်လုပ်ငန်း သစ်အခြေခံစက်မှုလုပ်ငန်းဌာနအမှတ်(၅) အထပ်သားစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်ပါးလွှာနှင့် အထပ်သားထုတ်လုပ်ပုံ အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးပေး

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်တို့သည် ဇွန် ၁၁ရက်တွင် မုံရွာမြို့ရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူပင်နှင့် ကြားသီးနှံရောနှောစိုက်ခင်းသို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ကန့်ဘလူမြို့၌ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးသည်။

အင်ကြင်းကျောက်တုံးကြီး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကန့်ဘလူမြို့ရှိ အင်ကြင်းကျောက်တုံးကြီး ထိန်းသိမ်းထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ချပ်သင်းဘေးမဲ့တောအတွင်း ရွှေသမင်များ မွေးမြူထားမှုကိုလည်းကောင်း၊ ရွှေမိုးသာထရိတ်ဒင်းကုမ္ပဏီ၏ ကျွန်းစိုက်ခင်းဧက၅၀၀ကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း တင်ဝင်းထွန်းသစ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ကျွန်းစိုက်ခင်း ဧက၇၀၀ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဆေးဖက်ဝင် အစွမ်းထက်သည့် ကြက်သွန်ဖြူ

စာရေးသူသည် ၁၉၈၂ ခုနှစ်က အင်္ဂလန်နိုင်ငံ ဝေလပြည်နယ် Cardiff Universityတွင် စာသင်သားဖြစ်ခဲ့ပါသည်။ ထိုစဉ်က ဆရာ အယ်ဒီမီလာ လက်ဆောင်ပါးလိုက်သောပစ္စည်းကို Penarthမြို့ Circular Road ပေါ်ရှိ အိမ်သို့သွား၍ ပို့ခဲ့ပါသည်။ ဇန်နဝါရီလ ပထမပတ် နှင်းမုန်တိုင်းကျပြီးစဖြစ်၍ ရာသီဥတုဒဏ်ကြောင့် နှာစေးချောင်းဆိုး ဖြစ်နေပါသည်။

အိမ်ရှင်များအား လက်ဆောင်ပစ္စည်းပေးရင်း အာလာပသလ္လာပ စကား ပြောဆိုနှုတ်ဆက်စဉ် ကျွန်တော်ချောင်းဆိုးမိခဲ့သည်ကို သတိပြုမိ သွားသဖြင့် အိမ်ရှင်အဘိုးကြီးက–

"ဒေါက်တာ ချောင်းဆိုးနေတယ်မှတ်တယ်။ ကြက်သွန်ဖြူ လေး မီးကင်စားလိုက်ပါလား။ လုပ်ပေးမယ်လေ"

"ကျွန်တော် Antibiotic သောက်ထားပါတယ် ခင်ဗျ"

"ဒေါက်တာနေတဲ့ International Centerမှာ ကြက်သွန်ဖြူမရ နိုင်ဘူး။ ကျွန်တော်တို့ ပေးလိုက်ပါ့မယ်။ တုပ်ကွေး၊ အအေးမိနဲ့ ချောင်းဆိုးအတွက် အလွန်ကောင်းပါတယ်"

"ဒါတင်ဘယ်ကမလဲ သွေးတိုးနဲ့နှလုံးအတွက် ကာကွယ် ပေးပါ တယ်ရှင့်"ဟု အဘွားကြီးက ဝင်ပြောပါသည်။

"အိုကွာ–ဒီဒေါက်တာအသက်နဲ့ ပုံစံက သွေးတိုးနဲ့ နှလုံးရောဂါ ရှိပါ့မလား"

"ကျွန်တော့်အတွက် အခုလို အကြံပြုကြတာ ကျေးဇူးတင် ပါတယ်"

ထိုစဉ်အခါကပင် အင်္ဂလန်နိုင်ငံ နယ်ဘက်ပိုင်းတွင် နေကြသော အဘိုးကြီး၊ အဘွားကြီးများသည် ကြက်သွန်ဖြူကို ၎င်းတို့ရိုးရာ ဆေး တစ်လက်အဖြစ် အိမ်တွင်းသမားတော်ကဲ့သို့ပင် နားလည်အသုံးပြုခဲ့ကြ သည်ဟု ကျွန်တော် စဉ်းစားမိပါသည်။

ဂျာမနီနိုင်ငံမှာ လူ ၂၆၁ ဦးကို ကြက်သွန်ဖြူမှုန့် ဆေးပြားကျွေးပြီး လေ့လာရာ ၅၆ရက်အတွင်း (Triglycerides) ထရိုင်ဂလစ်စရိုက် အဆီဓာတ်လွန်ကဲနေသူများအားလုံး ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းသွား တာကို တွေ့ရှိရပါတယ်။

အမျိုးသမီးများအတွက် အကျိုးထူးတာကတော့ ကိုယ်ဝန် ဆောင် သွေးဆိပ်တက်ခြင်းကို ကာကွယ်နိုင်တဲ့အပြင် ပေါင်ချိန်မပြည့် တဲ့ ကလေးမွေးဖွားမှုကို ထူးထူးခြားခြားကာကွယ်နိုင်ကြောင်း Chelsea နဲ့ Westminister ဆေးရုံ (အင်္ဂလန်)မှာ လေ့လာထားတာ တွေ့ရ ပါတယ်။

ကြက်သွန်ဖြူမှာပါတဲ့ အစွမ်းထက်ဆုံး ပစ္စည်းကတော့ Allicinလို့ ခေါ်ပါတယ်။ လူ့ခန္ဓာကိုယ်ထဲမှာ လောင်ကျွမ်းမှုက ထွက်ပေါ်လာတဲ့ ဓာတ်တိုးပစ္စည်းတွေဟာ ကောင်းကျိုးမပေးပါဘူး။ ကင်ဆာဖြစ်စေနိုင်သလို၊ သွေးကြောတွေကိုလည်း ပိတ်စေပါတယ်။ အိုမင်းရင့်ရော်မှုကိုလည်း ဖြစ်စေပါတယ်။ ဒီဆိုးကျိုးဖြစ်စေနိုင်တဲ့ ဓာတ်တိုးပစ္စည်းတွေကို Allicin က မြန်မြန်ဆန်ဆန် ဝါးမျိုပစ်လိုက် တယ်လို့ ဆိုရလောက်အောင်ကောင်းတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါ။

ဒေါက်တာလွင်ကို

ကြက်သွန်ဖြူ ညှစ်ထုတ်ရည်မှာ ပါဝင်တဲ့ Allicin ဟာ (Fungus) မှို ပိုးသတ်တဲ့နေရာမှာလည်း အလွန်အစွမ်းထက်ပါတယ်။ ယခုလက်ရှိသုံးနေတဲ့ Nystatin, Griseofulvin, Amphotericin-B ဆိုတဲ့ ဆေးတွေနဲ့ Candida, Cryptococcus, Aspergillus,

တစ်ကမ္ဘာလုံး ကြက်သွန်ဖြူ အသုံးပြုပုံများကို လေ့လာစုစည်းမိပါသည်။ ဘက်တီးရီးယားပိုးသတ်ဆေး၊ မှိုပိုးသတ်ဆေး၊ ဗိုင်းရပ်စ် ပိုးသတ်ဆေးများအဖြစ် လည်းကောင်း၊ သွေးတိုးကျဆေး၊ သွေးအတွင်းရှိ ကိုလက်စထရောချဆေး၊ သွေးကြော ရောဂါများအတွက် ဆေးအဖြစ်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် လည်းကောင်း၊ ဆီးချို ရောဂါအတွက်လည်းကောင်း၊ အအေးမိ၊ နှာစေး၊ ချောင်းဆိုး အတွက်လည်းကောင်း၊ အစာအိမ်ရောဂါများအတွက်လည်းကောင်း၊ နှလုံးရောဂါ ကာကွယ် ဆေးအဖြစ်လည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း၊ ဓာတ်တိုး ဆန့်ကျင်ပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုသည်များကို တွေ့ရ။

ကျွန်တော့်အား ထိုအိမ်သို့ စေလွှတ်လိုက်သူမှာ ကျွန်တော့်ဆရာ ဒေါက်တာ အယ်ဒီမီလာဒုတိယဗိုလ်မှူးကြီး(ငြိမ်း)ပင် ဖြစ်ပါသည်။

ရှေးအီဂျစ်လူမျိုးများသည် ကြက်သွန်ဖြူကို အားကိုးအားထား ပြုရာ ပစ္စည်းအဖြစ် တင်စားကြပါသည်။ မကောင်းဆိုးဝါး မကပ်ရောက်နိုင် အောင် ကာကွယ်ရာ၌ အသုံးပြုသည့် ပစ္စည်းအဖြစ်ပင် သတ်မှတ်သုံးစွဲ ခဲ့ကြပါသည်။ ဂရိအိုလံပစ် အားကစားသမားများသည် ကြက်သွန်ဖြူ ကိုဝါး၍ ပြိုင်ပွဲဝင်လေ့ရှိပါသည်။

တစ်ကမ္ဘာလုံး ကြက်သွန်ဖြူ အသုံးပြုပုံများကို လေ့လာစုစည်းမိပါ သည်။ ဘက်တီးရီးယားပိုးသတ်ဆေး၊ မှိုပိုးသတ်ဆေး၊ ဗိုင်းရပ်စ် ပိုးသတ်ဆေးများအဖြစ် လည်းကောင်း၊ သွေးတိုးကျဆေး၊ သွေးအတွင်းရှိ ကိုလက်စထရောချဆေး၊ သွေးကြောရောဂါများအတွက် ဆေးအဖြစ် လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိခင်များအတွက်လည်းကောင်း၊ ဆီးချို ရောဂါအတွက်လည်းကောင်း၊ အအေးမိ နှာစေးချောင်းဆိုး အတွက်လည်းကောင်း၊ အစာအိမ်ရောဂါများအတွက်လည်းကောင်း၊ နှလုံးရောဂါ ကာကွယ်ဆေးအဖြစ်လည်းကောင်း၊ ကင်ဆာရောဂါ ကာကွယ်ဆေးအဖြစ် လည်းကောင်း၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် လည်းကောင်း အသုံးပြု သည်များကို တွေ့ရပါသည်။

လေ့လာထားချက်များအရတော့ ကြက်သွန်ဖြူမှုန့် နှစ်ဂရမ်ကို နေ့စဉ် လေးပတ်စားရင် ကိုလက်စထရော (Cholesterol)အဆီဓာတ် လွန်ကဲနေသူများ အားလုံးမှာ ၁၂ရာခိုင်နှုန်းခန့် ကျဆင်းကြောင်း၊ လေ့လာတွေ့ရှိရပါတယ်။ ဆက်စားရင် ဆက်ကျတာကိုတွေ့ရကြောင်း ဖော်ပြထားပါတယ်။ (The journal of Royal College of Physicians Vol 28. No 1;39-45)

Epidmophyton ဆိုတဲ့ မှိုပိုးတွေကို ယှဉ်ပြီးသတ်စေရာမှာ ဒီဆေးတွေ ထက် သာတာကို တွေ့ရတော့ ခန္ဓာကိုယ်ဘယ်နားမှာပဲ မှိုရောဂါပိုး ဝင်ဝင် ကြက်သွန်ဖြူကိုသတိရသင့်ပါတယ်။ ပိုးကြောင့် ဦးနှောက် အမြှေးရောင်တာဟာ သေစေနိုင်တဲ့အခြေအနေပါ။ ဒါကို တရုတ်ပြည်မှာ ကြက်သွန်ဖြူညှစ်ထုတ်ရည်နဲ့ကုတာ အောင်မြင်ကြောင်းသိရပါတယ်။ (Human Medical College-China)။ ဒီအာနိသင်နဲ့ ပတ်သက်ပြီး တိရစ္ဆာန်မွေးမြူရေးသမားတွေဟာ မှိုရောဂါကာကွယ်ဖို့အတွက် ကြက်သွန်ဖြူပါးပါးလှီးပြီး အစာနဲ့ ရောကျွေးနေကြပါပြီ။

စိုက်ပျိုးရေးသမားများကတော့ (1-2% Garlic oil)ကြက်သွန်ဖြူ အဆီကို ပိုးသတ်ဆေးအဖြစ်နဲ့တစ်မျိုး၊ မှိုတက်ကာကွယ်ခြင်းအသွင်နဲ့ တစ်ဖုံ စုံအောင်သုံးနေကြပါတယ်။ ဓာတုပစ္စည်းများနဲ့ ပြုလုပ်ထားတဲ့ ပိုးသတ်ဆေးထက် အန္တရာယ်ကင်းတာပေါ့။

ရုရှားလူမျိုးတွေက ကြက်သွန်ဖြူကို ရုရှားပင်နီဆီလင်လို့ ခေါ်ကြပါတယ်။ ဗိုင်းရပ်စ်ပိုးကြောင့် ဒေသတစ်ခုခုမှာ တုပ်ကွေး ရောဂါဖြစ်ပြီဆိုရင် မော်စကိုရေဒီယိုက ကြက်သွန်ဖြူစားပြီး ကာကွယ် ကြဖို့ တစ်နိုင်ငံလုံးကို နှိုးဆော်လေ့ရှိပါတယ်။ ဒါကြောင့် တစ်နှစ်မှာ တန်ချိန် ၅၀၀လောက် မှာယူတင်သွင်း သုံးစွဲခဲ့ရဖူးပါတယ်။

ကာကွယ်ဆေးမပေါ်ခင်က ပိုလီယိုရောဂါထတဲ့ ဒေသတွေမှာ ကြက်သွန်ဖြူကို ကာကွယ်ဆေးအဖြစ်နဲ့ စားခဲ့ကြတာ ဥရောပအရှေ့ခြမ်း နိုင်ငံတွေမှာပါ။

ရေယုန်နဲ့ ကလေးများ အသက်လေးနှစ်ပတ်ဝန်းကျင်မှာ ဖြစ်တတ် တဲ့ Mollscum contagiosumခေါ် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်တဲ့ရောဂါဟာ တော်တော်ဆိုးပါတယ်။ တစ်ကိုယ်လုံးအကွက်တွေထ အရေပြားလောင် ပြီး သနံရည်ထွက်တာ စိတ်ပျက်စရာပါ။ ကြက်သွန်ဖြူအဆီ လိမ်းပေးရုံနဲ့ အမာရွတ်တောင်မကျန်ဘဲ ပျောက်ကင်းတာ အံ့သြလောက်ပါတယ်။

ကြက်ငှက်မွေးမြူရေးသမားတွေကလည်း ဗိုင်းရပ်စ်ပိုးဝင်ရင် ကာကွယ်နိုင်အောင်လို့ ကြက်သွန်ဖြူ ပါးပါးလှီးပြီး တစ်ကောင်ကို မီလီဂရမ် ၅၀၀စီ နေ့စဉ်ကျွေးကြပါတယ်။ အထူးသဖြင့်တော့ Q feverကို ဖြစ်စေတယ်တဲ့ Coxiella° burnetii ဆိုတဲ့ ဗိုင်းရပ်စ်ပိုးကို ကာကွယ်နိုင်တာကိုတော့ တွေ့ရပါတယ်။ အခြားဗိုင်းရပ်စ်ပိုးတွေကို ကာကွယ်နိုင်မလား။ စမ်းသပ်ဆဲပါ။

အမေရိကန်တချို့က ပြောကြပါတယ်။ အင်္ဂလန်နိုင်ငံက ထုတ်လုပ်ပြီး (FDA) ရောင်းချခွင့် မကြာသေးခင်က ခွင့်ပြုထားတဲ့ တုပ်ကွေးရောဂါ ဆေးတစ်မျိုးဟာ ဆေးပတ်လည်အောင် ဆေးအပြား ၁၀စားရပြီး တန်ဖိုးက ၄၅ဒေါ်လာမို့ ဒီတစ်ဆောင်းလုံး တုပ်ကွေးရောဂါ ကာကွယ်ဖို့ မိသားစုတစ်ခုလုံး ကြက်သွန်ဖြူ ဝယ်စားရင်တောင် လုံလောက်တယ်တဲ့။

မြန်မာ တိုင်းရင်းဆေးကျမ်းများအရ မြန်မာမှုနယ်ပယ်တွင် ကြက်သွန်ဖြူဥကို ရှေးပဝေသဏီကပင် အောက်ပါနည်းများဖြင့် အသုံး ပြုခဲ့ကြပါတယ်–

(၁) ကြက်သွန်ဖြူဥတစ်လုံး၏ အောက်ပိုင်းကိုလှီး၍ ထွက်လာသော အစေးရည်ဖြင့် ပွေး၊ ဝဲ၊ ယားနာ၊ တင်းတိပ်၊ ဝက်ခြံ တို့ကို မကြာခဏ ပွတ်ပေးက ပျောက်၏။

(၂) ကြက်သွန်ဖြူကို နေ့စဉ်စားသုံးခြင်းဖြင့် သွေးတိုးရောဂါကို ပျောက်ကင်းစေနိုင်သည်။ ကြက်သွန်ဖြူဥတစ်လုံး ဥကြီး ခုနစ်လုံးကို နွားနို့စစ်စစ် ၄၀သားတွင်ထည့်၍ ဆူအောင် ကျိုပြီး ၁၀မိနစ်ခန့် အအေးခံပါ။ နောက်တစ်ကြိမ် ဆူအောင် ထပ်တည်၍ သောက်ပါက သွေးတိုးရောဂါပျောက်၏။

(၃) ကြက်သွန်ဖြူကို အရည်ပြု၍ သောက်ခြင်း၊ စားခြင်းဖြင့် ချောင်းဆိုးရောဂါ၊ ဝမ်းဖောဝမ်းရောင်နှင့် ဝမ်းဗိုက်တွင် ဖြစ်ပေါ်တတ်သော အနာရောဂါများပျောက်၏။

(၄) ကြက်သွန်ဖြူကို နမ်းဆီတွင်စိမ်၍ ဆားအနည်းငယ်ထည့်ပြီး ထမင်းမစားမီစားပါက လေရောဂါပျောက်၏။

(၅) ကြက်သွန်ဖြူ ဥတစ်လုံးကို မီးဖုတ်ကျွေးခြင်းဖြင့် ကလေးများ လေဆန်နာပျောက်၏။

(၆) ကြက်သွန်ဖြူအရည်ကို ရေအနည်းငယ်နှင့် သကြားရောပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တိုက်ပေးက ကြက်ညှာ ချောင်းဆိုးပျောက်၏။

(၇) ကြက်သွန်ဖြူဆီကို တစ်ကြိမ်လျှင် နှစ်စက်မျှ တစ်နေ့သုံးကြိမ် သောက်ခြင်းဖြင့်၊ လည်ပင်းတွင် လိမ်းပေးခြင်းဖြင့် လည်ပင်းကြီး ရောဂါပျောက်၏။

(၈) ကြက်သွန်ဖြူရည်ကို ဆားနှင့်ရောသောက်ခြင်း၊ ကြက်သွန်ဖြူ ကို ကြိတ်၍နားထင်တွင် လိမ်းပေးခြင်းဖြင့် ခေါင်းကိုက် ပျောက်၏။

(၉) ကြက်သွန်ဖြူသည် ရောဂါပိုးများကို သတ်နိုင်သော စွမ်းရည် သတ္တိရှိသဖြင့် ကြက်သွန်ဖြူကို အဆုတ်ရောဂါ၊ အရိုးထိအောင် စားတတ်သော အနာရောဂါများ ကုသရာတွင်လည်း အသုံးပြု သည်။

(၁၀) အကြောအခြင်ကိုက်ခဲခြင်းအတွက် ကြက်သွန်ဖြူအရည်ဖြင့် ပွတ်လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေ၏။

(၁၁) နှမ်းဆီငါးကျပ်သားတွင် ကြက်သွန်ဖြူအနည်းငယ်၊ လေးညှင်း နှစ်ပွင့်ခန့် ထည့်ပြုတ်၍ နားတွင်ပူပူနွေးနွေးထည့်ပေးခြင်းဖြင့် နားပြည်ယို၊ နားကိုက်၊ နားထိုင်းပျောက်ကင်း၏။

(၁၂) ကြက်သွန်ဖြူကို ရာသီထိမ်ခြင်း၊ အနာဝင်ခြင်းနှင့် ဒူလာ ရောဂါများကုသသော ဆေးများတွင်လည်း ထည့်သွင်းအသုံး ပြု၏။

(၁၃) ကြက်သွန်ဖြူကို အမှုန့်ပြု၍ ပျားရည်ဖြင့်စိမ်ပြီး အိပ်ရာဝင်ချိန် တွင် လက်ဖက်ရည်ဇွန်းတစ်ဝက်ခန့်ကို ရေတစ်ခွက်နှင့် သောက်ခြင်းဖြင့် အိပ်ပျော်စားဝင် အားအင်ပြည့်ဖြိုးစေပါသည်။

ကြက်သွန်ဖြူဟာ နှင်းပန်းမျိုးရင်း (Liliaceae)ဖြစ်ပြီး ရုက္ခဗေဒ အမည်က Allium Stivum Linn ဖြစ်ပါတယ်။ ဒီလောက် ဆေးဖက် ဝင်တဲ့ ကြက်သွန်ဖြူဟာ ကျွန်တော်တို့အားလုံးရဲ့ မီးဖိုချောင်ထဲမှာ အမြဲရှိနေလို့ ဉာဏ်ရှိသလို သုံးနိုင်တာမို့ မိသားစုဆရာဝန် ဒါမှမဟုတ် မီးဖိုချောင်သမားတော်လို့ခေါ်ပြီး နေအိမ်ပတ်ဝန်းကျင်မှာ မြေကွက်လပ် ကြီးကြီး၊ သေးသေး တစ်ပိုင်တစ်နိုင် စိုက်ထားရင် ရောဂါအမျိုးမျိုး အတွက် ကာကွယ်ဆေးရှိနေပြီမို့ စိတ်ထဲမှာလုံခြုံနေမှာပါ။ ။

နိုင်ငံတော်တိုးတက်ရေး လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၌ ပညာရေးအဓိကကျ ပဲခူးတိုင်းပညာရေးကဏ္ဍမြင့်မားရေးအတွက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ ကျောင်းများအဆင့်မြင့်မားရေး နိုင်ငံတော်နှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့သည် ဇွန် ၁၁ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် ဟသ်ာကုန်းရပ်ကွက် မွန်စံပြအခြေခံပညာမူလတန်း(လွန်)ကျောင်း၌ကျင်းပသော ကျောင်းစာသင်ခုံနှင့် ကျောင်းသုံးပရိဘောဂများလှူဒါန်းပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် ပညာရေးသည် အဓိကကျကြောင်း၊ ပဲခူးတိုင်းအတွင်း၌ ပညာရေးကဏ္ဍမြင့်မားရေးအတွက် အခြေခံအဆောက်အအုံဖြစ်သော စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သကဲ့သို့ စာသင်ကျောင်းများ အဆင့်မြင့်မားရေးကိုလည်း နိုင်ငံတော်နှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များနှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသကဲ့သို့ ယခုစာသင်ခုံလိုအပ်သောကျောင်းများသို့ လှူဒါန်းဖြည့်ဆည်းရာတွင်လည်း အသင်းကြီးအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အသင်းသား အသင်းသူများကလည်း နိုင်ငံတော်အတွက် အားကိုးအားထားပြုလောက်သည့် လူသားအရင်းအမြစ်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ကိုကို **(ယာပုံ)** နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့က ပဲခူးတိုင်းအတွင်းရှိ အခြေခံပညာကျောင်းများ ပရိဘောဂပြုပြင်ရန်အတွက် (ပထမအကြိမ်)လှူဒါန်းငွေကျပ် သိန်း၂၀စီကို ပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းလက်ထောက်တိုင်းပညာရေးမှူး(စီမံ) ဦးဇော်ဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က စာသင်ခန်းများအတွင်းရှိ စာသင်ခုံများနှင့် ကျောင်းသောက်ရေတွင်း သန့်ရှင်းသပ်ရပ်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ပဲခူးမြို့နယ် ဥသျှာမြို့သစ် ရပ်ကွက်ကြီး(၈) စာကလေးကွင်းကျေးရွာရှိ အမှတ်(၁၁၉) အခြေခံပညာမူလတန်း(လွန်)ကျောင်းသို့ရောက်ရှိပြီး စာသင်ခန်းရှိ ကျောင်းပရိဘောဂများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆရာမကြီးများနှင့်တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်း အမှတ် ၈၆ အခန်း ၅နေ ဗိုလ်မှူးချုပ်မျိုးတင့်(ငြိမ်း)၏ဇနီး ဒေါ်မျိုးကိုမိသားစုတို့က အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အထက-၆ ဗိုလ်တထောင် ကျောင်းသားဟောင်းများ ညစာစားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော (St. Paul's Day) အမှတ်တရ မိတ်ဆုံညစာစားပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ (Excel Treasure Restaurant) ၌ ဇွန် ၂၉ ရက် ညနေ၆နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ အားလုံး တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဦးကျော်ဇေယျ ဖုန်း-၀၉ ၅၁ ၅၃၆၄၀ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း နှိုးဆော်ထားသည်။**(က-ပ)**

အင်းစိန်မြို့ အင်းစိန်ဈေးနှင့် လဟာပြင်ဈေးတို့မှ ဈေးသူဈေးသားများ အင်းစိန်မြို့ ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လစဉ်လှူဒါန်းသည့် မေလအတွက် အလှူငွေကျပ်နှစ်သိန်းကို ဈေးအဖွဲ့ ကိုယ်စားလှယ်များက လှူဒါန်းရာ အသင်းတွဲဖက် အတွင်းရေးမှူး(၁) ဦးသောင်းကြည်နှင့်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

ပဲခူး၁၀မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ သံဃာဆောင်ဆောက်လုပ်ရန်ငွေလှူဒါန်း

ရန်ကုန် ဇွန် ၁၄

မိုးကုတ်ဝိပဿနာပြန့်ပွားရေး မုံလယ်တောရဓမ္မရိပ်သာ ၁၀မိုင်ကုန်း ပဲခူးမြို့၏ ဦးစီးပဓာန နာယက ဖြစ်သော ဘဒ္ဒန္တသံဝရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး ဓမ္မရိပ်သာတွင် သုံးထပ်ကျောင်း သံဃာဆောင် စုပေါင်းဆောက်လုပ်ရန်အတွက် စေတနာရှင်များ လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပါဝင်လှူဒါန်းလျက်ရှိရာတွင် ပင်မ မတည်အလှူရှင်ဖြစ်သော ရန်ကုန်မြို့ အမှတ်၃၇၊ ၃၅လမ်းနေ မဟာကြီးပွားချမ်းသာထီဆိုင်နှင့် ဟိန်းကွန်ပျူတာပိုင်ရှင် ဦးဇော်ဝင်း-ဒေါ်ခင်ထွေး၊ သား မောင်ဝင်းဟိန်းပိုင် မိသားစုက ကျပ်နှစ်ဆယ့်ငါးသိန်း၊ ရန်ကုန်မြို့ မြေနီကုန်း စမ်းချောင်းတိုက်၁၅(အေ)၊ ငါးလွှာ၊ ဓမ္မစေတီလမ်းနေဦးသန့်ဇင်ဌေး(အင်ဂျင်နီယာ)နှင့် ဇနီး ဒေါ်သန်းသန်းဝင်း (တရားရုံးချုပ်ရှေ့နေ)မောင်နှမတစ်စုတို့က စုပေါင်း၍ လှူဒါန်းငွေကျပ် ခုနစ်သိန်း၊ ဦးမျိုးနိုင်၊ ဒေါ်မြင့်မြင့်ကြူ မိသားစု အမှတ်၈၊ ကျိုက္ကဆံလမ်းက အလှူငွေငါးသိန်း၊ ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်း၊ ခြံအမှတ် ၁၃၃(ဘီ)နေ ပန်းဘုရင် မြန်မာကုမ္ပဏီလီမိတက် ပိုင်ရှင် ဦးမျိုးမြင့်အောင်၊ ဒေါ်ကြည်လှိုင် မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဓမ္မမိတ်ဆွေများဖြစ်သော အလှူရှင်အသီးသီးတို့က စုပေါင်း၍ လှူဒါန်းငွေကျပ် ငါးဆယ့်သုံးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

သုံးထပ်ကျောင်း သံဃာဆောင်အတွက် ကျပ် သိန်းသုံးရာ့ငါးဆယ်ခန့် ကုန်ကျမည်ဟု သိရသည်။

(က-ပ)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၁၄

သင်္ဃန်းကျွန်းမြို့နယ် ၊ ၈/တောင်ရပ်ကွက်၊ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ စာသင်တိုက်ရှိ ဝါဆို ဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၅ရက် (စနေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါရမီရှင် သူတော်စင်များ ကိုယ်တိုင်ကိုယ်ကျ ဆက်ကပ်လှူဒါန်းနိုင်ကြောင်းသည်ဟုသိရသည်။ **(၃၅၂)**

မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ စည်းဝေး ပထမခြောက်လပတ်လုပ်ငန်းညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၄

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ (၁၆)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ခုနှစ် ပထမခြောက်လပတ်လုပ်ငန်းညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲ (ဒုတိယနေ့) အခမ်းအနားကို မေ၂၇ ရက်နံနက်၈နာရီက မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးတင်ပြ

ရှေးဦးစွာ ဒေါ်ခင်ရဲလတ်က စံပြရပ်ကွက် ကျေးရွာတည်ဆောက်ရေးဆောင်ရွက်ချက်များကိုလည်းကောင်း၊ ဒေါ်သန္တာဘုန်းဝင်းက သုံးနှစ်အောက်ကလေးငယ်များ ကြီးထွားမှုစောင့်ကြပ်ကြည့်ရှုခြင်း (GMP)နှင့် တန်ဖိုးနည်းအာဟာရပြည့်လက်တွေ့ချက်ပြုတ်ပြသခြင်းများရရှိသော အကျိုးရလဒ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ခရိုင်ဆရာဝန်ကြီးများက အရန်သားဖွားဆရာမသင်တန်းဖွင့်လှစ်ရခြင်းနှင့်မိခင်၊ကလေးသေနှုန်းကျဆင်းရေးတို့ကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက စည်းရုံးရေးကဏ္ဍ ဆောင်ရွက်ချက်၊ ကျန်းမာရေးပညာပေး လုပ်ငန်းဆောင်ရွက်ချက်၊ ကျောင်းအပ်နှံရေးဆောင်ရွက်ချက်များကို ပြန်လည် ဆွေးနွေးတင်ပြရာ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ပေးအပ်

ထို့နောက် ထောက်ပံ့ငွေများပေးအပ်ရာ ခရိုင် ခုနစ်ခရိုင်အတွက် အရန်သားဖွားဆရာမသင်တန်းဖွင့်ရန် ငွေကျပ် ၂၁ သိန်း၊ မြို့နယ် ၃၁ မြို့နယ်နှင့် မြို့နှစ်မြို့အတွက် ကိုယ်ဝန်ဆောင်မိခင် မီးဖွားညွှန်းပို့ရန် ငွေကျပ် ၃၃ သိန်း၊ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရန် ငွေကျပ် ၃၃ သိန်း၊ အာဟာရဖွံ့ဖြိုးရေးဆောင်ရွက် ရန်နှင့် တန်ဖိုးနည်း အာဟာရ လက်တွေ့ချက်ပြုတ်ပြသရန် ငွေကျပ် ၃၃ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၁၂၀ ကို တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ပေးအပ်ရာ**(အပေါ်ပုံ)** တာဝန်ရှိသူများက လက်ခံရယူပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက နိဂုံးချုပ် အမှာစကားပြောကြားသည်။

(သတင်းစဉ်)

အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် လမ်း၅၀ တိုက်အမှတ်(၃) အခန်း(၁၇)နေ သစ်တောရုံး အငြိမ်းစား(ဦးသိန်း)-ဒေါ်ကြည်ကြည်မိသားစုက ဇွန် ၁၀ ရက်တွင် ပဲခူးတိုင်း မင်းလှမြို့ တာကလေးရွာဦးစေတီတော် ပြင်ဆင်ရန် အလှူငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့ ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းအတွက် အလှူငွေကျပ် သုံးသိန်း၊ ရန်ကုန်မင်္ဂလာဒုံမြို့နယ် ရွာနံ့သာ စံပြမြို့သစ် သမိုင်းဝင် ရွှေနံ့သာ အောင်ဆုတောင်းပြည့် စေတီတော် မုခ်ဦးအတွက် အလှူငွေကျပ် တစ်သိန်း၊ ဓိဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူငွေကျပ် တစ်သိန်း၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအတွက် ငွေကျပ် တစ်သိန်း၊ ဦးလှထွန်း မေတ္တာဖောင်ဒေးရှင်းဆေးရုံအတွက် ငွေကျပ် တစ်သိန်း၊ ရွှေတိဂုံစေတီတော်အား ရွှေပြားတစ်ချပ်၊ ပဋ္ဌာန်းမာရုံ ရွှေကျင်ကျောင်း ပြင်ဆင်ရန် ငွေကျပ်ငါးသိန်း၊ ပြင်သစ်နိုင်ငံ ပါရီမြို့ ဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန် ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

နာမည်ကြီး အင်္ဂလန်အသင်း ဘင်သံနှင့် ပျော်မြူးနိုင်ပါ့မလား ဆွီဒင်နှင့် ပါရာဂွေး ဖြည်းဖြည်း စဉ်းစားမှ အဖြေမှန်ရမည်

ရန်ကုန် ဇွန် ၁၄

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ အုပ်စု(ဇ)အထိ အသင်းများ တစ်ပွဲစီကစားပြီးကြပြီဖြစ်သည်။ ဇွန် ၁၅ရက်နှင့် ၁၆ရက်တို့တွင် အုပ်စုဒုတိယပွဲစဉ်များအဖြစ် အုပ်စု(က)မှ အီကွေဒေါနှင့် ကော့စတာရီကာ၊ အုပ်စု(ခ)မှ အင်္ဂလန် နှင့် ထရီနီဒက်၊ ဆွီဒင်နှင့် ပါရာဂွေးတို့ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အီကွေဒေါနှင့် ကော့စတာရီကာ

ဇွန် ၁၅ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၇နာရီခွဲတွင် ဟမ်းဘတ်မြို့ရှိ Aol Arena အားကစားကွင်း၌ အုပ်စု(က)မှ အီကွေဒေါအသင်းနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲဦးထွက် အနိုင်ရထားသော အီကွေဒေါအသင်းနှင့် ပွဲဦးထွက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသော ကော့စတာရီကာအသင်းတို့၏ ပွဲစဉ်မှာ နှစ်သင်းစလုံး မျှော်လင့်ချက်ကိုယ်စီရှိနေဆဲဖြစ်၍ အကြိတ်အနယ်ရှိမည်ဖြစ်သည်။

အီကွေဒေါအသင်းသည် ပွဲဦးထွက်၌ ပိုလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ခြေစွမ်းပြနိုင်ခဲ့သည်။ အီကွေဒေါအသင်း အနိုင်ရရှိမှုအပေါ် မမျှော်လင့်ဘဲ အနိုင်ရရှိမှုဟု သုံးသပ်သူများ ရှိသော်လည်း အဆိုပါ ပွဲစဉ်ကို ကြည့်လိုက်ရသူတိုင်းက အီကွေဒေါအသင်း ခြေသာသည်ကို လက်ခံခဲ့ကြသည်။ တောင်အမေရိကတိုက်မှ အီကွေဒေါအသင်း၏ ကစားဟန်မှာ အဆင့်မြင့်ပြီး ပိုလန်အသင်း၏ ဥရောပကစားဟန်ကို လွှမ်းမိုးနိုင်ခဲ့သည်။ ပိုလန်အသင်းမှ ကန်သွင်းသော ဘောလုံးများ တိုင်ထိထွက်၍ ဂိုးကံခေသည်ဟု ဆိုနိုင်သော်လည်း အီကွေဒေါရရှိသော ဂိုးများကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်သည်။

တစ်ဂိုးစီသွင်းယူ

အီကွေဒေါနှင့် ပိုလန်ပွဲစဉ်အတွက် အကောင်းဆုံးဘောလုံးသမားဆုကို အီကွေဒေါရှေ့တန်းလူ ဒယ်လ်ဂါဒိုက ရရှိခဲ့သည်။ အီကွေဒေါအသင်းအတွက် တီနိုရီယိုနှင့် ဒယ်လ်ဂါဒိုတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ အီကွေဒေါနှင့် ပိုလန်ပွဲသည် အုပ်စု ဒုတိယနေရာအတွက် အဆုံးအဖြတ်ဖြစ်မည်ဟု ယူဆထားခဲ့ကြသည့်အတိုင်း အီကွေဒေါအနိုင်ရရှိ၍ အုပ်စုတက်ရန် အလားအလာ ကောင်းနေပြီဖြစ်သည်။ အုပ်စု နောက်ဆုံးပွဲ အိမ်ရှင်ဂျာမနီနှင့် ကစား ရမည်ဖြစ်ရာ ယခုပွဲ အနိုင်ရရှိထားလျှင် အုပ်စုပထမနေရာလုပွဲသာ ဖြစ်သွားပေလိမ့်မည်။ အီကွေဒေါနောက်တန်းမာကြောကျစ်လျစ်ပြီး ရှေ့တန်းလူများကလည်း အခွင့်အရေးကို မလွတ်တမ်းအသုံးချနိုင်ကြသည်။

ကော့စတာရီအသင်းသည် ပွဲဦးထွက်၌ အိမ်ရှင် ဂျာမနီကို လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရာ အုပ်စုတက်ရန် လက်ကျန်နှစ်ပွဲကို အနိုင်ကစားရမည်ဖြစ်သည်။ ကော့စတာရီကာအသင်း ခြေစွမ်း သာမန်မျှသာရှိပြီး ဂိုးသမားပေါ်ရက်စ် အမြင့်ဘောများ ကာကွယ်နိုင်မှု အားနည်းသည်။ တိုက်စစ်မှူး ဝမ်ချော့စ် ချေပဂိုးနှစ်ဂိုးသွင်းယူခဲ့ရာ တစ်ဂိုးမှာ လူကျွံအနေအထားမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ ကော့စတာရီကာ နောက်တန်းလူမာတီနက်စ် ထိခိုက်ဒဏ်ရာရရှိသွား၍ အီကွေဒေါနှင့်ပွဲကစားနိုင်မည် မဟုတ်ချေ။ အီကွေဒေါအသင်း၌ ဒဏ်ရာရသူမရှိ၍ လူစုံပါဝင်လာမည်ဖြစ်သည်။

ငါးပွဲသရေကျ

အီကွေဒေါနှင့်ကော့စတာရီကာတို့ ရှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ အီကွေဒေါက နှစ်ပွဲနိုင်၊ ကော့စတာရီကာ တစ်ပွဲနိုင်၊

လားစ်လေ ဂါဘက်

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ဆွီဒင်အသင်း နည်းပြ လားစ် လေ ဂါဘက်။

(ဓာတ်ပုံ-အင်တာနက်)

ငါးပွဲသရေကျခဲ့သည်။ အီကွေဒေါ၏ လက်ရှိကမ္ဘာ့အဆင့် ၃၉၊ ကော့စတာရီကာ၏ လက်ရှိကမ္ဘာ့အဆင့် ၂၆ဖြစ်သည်။ တောင်အမေရိကတိုက်မှ အီကွေဒေါနှင့် ကွန်ကာကက်ဖ် ဒေသမှ ကော့စကာရီကာတို့ ယခင်က သရေပွဲများခဲ့သည်။ ယခု သရေရလဒ်ဖြစ်မည်လား စဉ်းစားစရာရှိသော်လည်း ကော့စတာရီကာအနေဖြင့် အမှတ်ပြည့်ရလိုဇောဖြင့် ဖွင့်တိုက်နိုင်သည်။ ကော့စရီကာ တိုက်စစ်မှူးဝမ်ချော့စ်ကို အီကွေဒေါနောက်တန်းထိန်းနိုင်ခဲ့လျှင် ပြဿနာမရှိနိုင်ပေ။ အီကွေဒေါအသင်း အနိုင်ရရှိမည်ဟု ထင်မိပါသည်။

အင်္ဂလန်နှင့်ထရီနီဒက်

ဇွန် ၁၅ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၁နာရီခွဲတွင် နုရင်ဘတ်မြို့ရှိ Franken-Stadiom အားကစားကွင်း၌အုပ်စု(ခ)မှ အင်္ဂလန်အသင်းနှင့် ထရီနီဒက်နှင့် တိုဘာဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ချန်ပီယံ ခြေစွမ်းမပြနိုင်သော အင်္ဂလန်အသင်းနှင့် ဆွီဒင်ကို သရေကစားခဲ့သော ထရီနီဒက်နှင့် တိုဘာဂို အသင်းတို့၏ ပွဲစဉ်မှာ မြန်မာပရိသတ်များ မလွတ်တမ်း စောင့်ကြည့်ကြမည့် ပွဲဖြစ်သည်။ ပွဲဦးထွက်၌ ခြေစွမ်းမပြနိုင်ဘဲ ပြိုင် ဘက်အသင်းမှ သွင်းပေးသောဂိုးဖြင့် အနိုင်ရခဲ့သော အင်္ဂလန်အသင်း ခြေ စွမ်းပြနိုင်မလား စိတ်ဝင်စားစရာ ဖြစ်နေသည်။

အင်္ဂလန်အသင်းသည် နာမည်ကြီး ဘောလုံးသမားများ ပါဝင်နေမှုကြောင့် ဗိုလ်စွဲနိုင်သည်ဟု အထူးရေပန်းစားလျက်ရှိသော်လည်း ပါရာဂွေးနှင့် ပွဲအပြီးတွင် ရေပန်းစားမှုကျဆင်းသွားသည်။အီတလီ၊ ပေါ်တူဂီ၊ ဟော်လန်(နယ်သာလန်)တို့၏ ခြေစွမ်းများနှင့် ချိန်ထိုးကြည့်လျှင် အင်္ဂလန်ခြေစွမ်းမှာ အားရစရာမရှိသည်က အမှန်ပင်၊ ရွန်နေ ပါဝင်လာဦးတော့ အသင်းလိုက်ကစားကွက် မကောင်းလျှင် အသင်းကြီးများကို မယှဉ်နိုင်ပေ၊ ပါရာဂွေးနှင့်ပွဲတွင် ပွဲစပြီး ၄ မိနစ်အကြာ၌ ဒေးဗစ်ဘက်ခမ်း၏ အလွတ်တည်ကန်ဘောကိုအသင်းခေါင်းဆောင် ဂါမာရာ ခေါင်းတိုက်ဖျက်ရင်း ကိုယ့်ဂိုးကိုယ်သွင်းမိ၍ တစ်ဂိုးဖြင့် ကပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ကိုယ့်ဂိုးကိုယ်သွင်း

အင်္ဂလန်နှင့် ပါရာဂွေးပွဲ၌ အင်္ဂလန်အသင်း ရရှိသောဂိုးကို ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်(FIFA)က ကိုယ့်ဂိုးကိုယ်သွင်းခြင်း (Own Goal) အဖြစ် သတ်မှတ်ခဲ့ရာ ပါရာဂွေး အသင်းခေါင်းဆောင် ဂါမာရာသည် ကမ္ဘာ့အမြန်ဆုံး ကိုယ့်ဂိုးကိုယ်သွင်းသူအဖြစ် စံချိန်တင်သွားပြီဖြစ်သည်။ အင်္ဂလန် အသင်းသည် ဂိုးအရစော၍ ဂိုးပြတ်နိုင်မည် ထင်ခဲ့သော်လည်း နည်းပြ အဲရစ်ဆင်၏ တစ်ဂိုးအနိုင်ကို ထိန်း ကစားလိုသည့် ဆန္ဒကြောင့် ဂိုးထပ် မပေးရခဲ့ခြင်းဟု သုံးသပ်ရမည်ဖြစ်သည်။ နည်းပြ အဲရစ်ဆင်သည် နည်းဗျူဟာ ကျွမ်းကျင်သူဆရာကြီးဖြစ် သော်လည်း တစ်ဂိုးလောက်ရထားလျှင် ကျေနပ်နေတတ်သူဖြစ်သည်။ ယူရို-၂၀၀၄ တုန်းကလည်း ပေါ်တူဂီနှင့်ပွဲတွင် အနိုင်တစ်ဂိုးကိုထိန်းပြီး ခံစစ်ပြောင်းကစား၍ ရှုံးခဲ့ရသည်။

နည်းပြအဲရစ်ဆင်သည် ဘိုင်ကျင့်ဘိုင်ကြဲ ကြံတတ်သူဟုဆိုရလောက်အောင် ဦးဆောင်ဂိုးတစ်ဂိုးလောက် ရလျှင် ကစားသမားများကို စိတ်လွတ်လက်လွတ် မကစားစေဘဲ ချေပဂိုးမပေးရရေးကိုသာ ဦးစားပေးလေ့ရှိသည်။ အင်္ဂလန် အလယ်တန်း၌ ဂျရတ်နှင့် လမ်းပတ်တို့ ကစားပေါက်တူနေပြီး နေရာချင်းလည်းတူနေရာ အဲရစ်ဆင် တာဝန်ပေးမှု မပီပြင်၍ ဂျရတ် ခြေစွမ်းပျောက်ခဲ့ရသည်။ လမ်းပတ် ခြေပေါ်ပြီး အဝေးမှလှမ်းကန်ချက်ကောင်းသော်လည်း ဂိုးဘားတန်းပေါ်မှ မဆိုသလောက်ကပ်ကျော်သွားသည်။ အင်္ဂလန် ရှေ့တန်း၌ မိုက်ကယ်အိုဝင်မှာ ယခင်လောက် လျင်မြန်မှု မရှိတော့သလို စက်ရှပ်ခရော့ချ်ကလည်း ဂိုးရနိုင်သည့်နေရာများကို မသွားတတ်ပေ။ အိုဝင်နှင့် ခရော့ချ်တို့ ဘက်ခမ်း၊ လမ်းပတ်တို့နှင့် အချိတ်အဆက်မမိဘဲဖြစ်နေသည်။ အိုဝင်အစားဝင်သည့် ဒေါင်းနင်းကလည်း အလယ်တန်းနှင့် တွဲမကစားဘဲ တစ်ကိုယ်တော် ဖောက်ထွက်ရန် ကြိုးစားရာ ပါရာဂွေး နောက်တန်းက သာသာလေးထိန်းနိုင် ခဲ့သည်။

လက်စွမ်းပြကာကွယ်

ထရီနီဒက်အသင်းသည် ခြေစစ်ပွဲအောင် အသင်းများအနက် အားအနည်းဆုံး ဖြစ်သည်ဟု ထင်သော်လည်း ဆွီဒင်ကို သရေကစားပြခဲ့ရာ ဘောလုံးအကဲခတ်များ တက်တက်စင်အောင် လွဲခဲ့ကြရသည်။ ဆွီဒင်အသင်းခြေစွမ်းညံ့၍ မဟုတ်ဘဲ ဂိုးကံခေခြင်း၊ ဂိုးရအောင် နည်းဗျူဟာ မပြောင်းလဲနိုင်မှုနှင့် ထရီနီဒက် ဂိုးသမား ဟစ်စလော့ (ဝက်စ်ဟမ်း) လက်စွမ်းပြကာကွယ် နိုင်မှုများကြောင့် ဂိုးမရှိသရေကျခဲ့ရသည်။ ထရီနီဒက်အသင်းမှ တစ်ဦး အထုတ်ခံရချိန်မှာ ဒုတိယပိုင်းပွဲစပြီး ငါးမိနစ်ခန့်သာ ရှိသေးရာ ဆွီဒင်အသင်း တစ်ဂိုးပင် မရခဲ့သည်မှာ လွန်လွန်းပါသည်။ ဆွီဒင်နည်းပြ လာဂျာဘတ် နည်းဗျူဟာ ပြောင်းပြီး ဂိုးရအောင် ဖန်တီးနိုင်သင့်သည်။

ဆွီဒင်နှင့် ထရီနီဒက်ပွဲတွင် ထရီနီဒက်အသင်းခေါင်းဆောင် ဒွိုက်ယော့ခ် အကောင်းဆုံးဆု ရရှိခဲ့သည်။ တိုက်စစ်မှူး ဒွိုက်ယော့ခ်ကို ထိုပွဲတွင် နောက်တန်း၌သာတွေ့နေရပြီး အီဘရာဟီမိုဗစ်ကို မလှုပ်သာအောင် ထိန်းချုပ်ထားသည်။ ထရီနီဒက်နည်းပြ ဘင်းန်ဟတ်ကာက ရှေ့တန်း၌ စတန်ဂျွန်တစ်ဦးသာတင်ထားပြီး ခံစစ်အားပြုကစားခဲ့ရာ အဖိုးတန် တစ်မှတ်ရရှိခဲ့သည်။ ထရီနီဒက်တို့ ရှိသည့်အားနှင့် ဆွီဒင်ကိုတောင့်ခံပြီး သရေကျသွားသည်မှာ ချီးကျူးစရာပင် ဖြစ်သည်။ ထရီနီဒက် တိုက်စစ်အား ကတော့ ဟုတ်ဟုတ်ငြားငြားမရှိ၍ ဆွီဒင် ဂိုးသမား ခက်ခက်ခဲခဲဖမ်းရသည် မရှိပေ။

အင်္ဂလန်နှင့် ထရီနီဒက်ပွဲကို အားလုံးက အင်္ဂလန်နိုင်မည်ဟုသာ ထင်ကြမည်ဖြစ်သည်။ အင်္ဂလန် မနိုင်သည့်ဘက်မှတွေးကြည့်၍ မရလောက်အောင်ပင် အခြေအနေက ကွာခြားလှသည်။ သို့သော် ဆွီဒင်လို သရေပွဲဖြစ်သွားမလား တစ်ချက်တော့ စဉ်းစားစရာရှိသည်။ နည်းပြ အဲရစ်ဆင်အနေဖြင့် ယခုပွဲ၌ ရွန်နေကို လှို့ထားစရာ အကြောင်း မရှိချေ။ ဆွီဒင်နှင့် အုပ်စုနောက်ဆုံး ပွဲကစားရမည်ဖြစ်ရာ ပွဲကျပ်နေသည်။ ယခုပွဲမှ သုံးမှတ်အပြည့်ယူထားခြင်း သာလျှင် အင်္ဂလန်အတွက် စိတ်အချရဆုံးဖြစ်သည်။အင်္ဂလန်အသင်းမှ ဝေါ်လ်ကော့၊ ရွန်နေ၊ ရောဘတ်ဂရင်းတို့ ဒဏ်ရာရစာရင်း၌ ပါဝင်နေသည်။ ထရီနီဒက်အသင်းမှ အင်ဒရူး၊ ကယ်လ်ဗင်ဂျက်နှင့် အေဗရီဂျွန်တို့ ဒဏ်ရာရထားကြသည်။ ထရီနီဒက်အသင်းက ဆွီဒင်နှင့်ပွဲ ခြေကုန်ထုတ်ကစားခဲ့၍ ပွဲပန်းနေမည်ဖြစ်ရာ အင်္ဂလန် တိုက်စစ်ကို ကြာရှည်တောင့်ခံနိုင်ဖွယ် မမြင်ပေ။ အင်္ဂလန်နောက်တန်းအတွက် ပူစရာမရှိဘဲ ရှေ့တန်း၌ ဂိုးရအောင် ဖန်တီးနိုင်ဖို့ပဲလိုသည်။ ရွန်နေနှင့် အိုဝင်အတွဲဆိုလျှင် ထရီနီဒက်တို့ တားဆီးနိုင်ဖွယ်မရှိရာ အင်္ဂလန် အသင်းနိုင်ပွဲဆက်မည်ဟု ဆိုချင်ပါသည်။

ဆွီဒင်နှင့် ပါရာဂွေး

ဇွန် ၁၆ရက် **(မနက်ဖြန်)** နံနက် ၁နာရီခွဲတွင် ဘာလင်မြို့ရှိ Olympiastadiom အားကစားကွင်း၌ အုပ်စု(က)မှ ဆွီဒင်အသင်းနှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ တစ်မှတ်ရထားသော ဆွီဒင်နှင့် အမှတ်မရသေးသော ပါရာဂွေးတို့ပွဲမှာ အုပ်စုတက်ရေး အဆုံးအဖြတ်ဖြစ်နေရာ အကြိတ်အနယ်ရှိမည်ဖြစ်သည်။ သရေပွဲဆိုလျှင် နှစ်သင်းစလုံးအတွက် ကျေနပ်စရာမဟုတ်၍ အနိုင်ရရှိရေး ဖွင့်ကစားကြဖွယ်ရှိသည်။

ဆွီဒင်အသင်းသည် အုပ်စု ပထမရနိုင်သည်ဟုပင် ထင်ကြေးပေးခြင်းခံရသော်လည်း ထရီနီဒက်ကို ဂိုးမသွင်းနိုင်၍ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဖြစ်ခဲ့ရသည်။ သို့သော်လည်း ဆွီဒင်၏ ခြေစွမ်းမှာ အင်္ဂလန်ကိုပင် အနိုင်ကစားပြနိုင်သော အခြေအနေရှိရာ လက်ကျန်နှစ်ပွဲနိုင်လျှင် အုပ်စုပထမရမည် ဖြစ်သည်။ ဆွီဒင် အသင်းမှ အီဆက်ဆန် တစ်ဦးသာ ဒဏ်ရာရထားသည်။ ထရီနီဒက်နှင့် ပွဲတွင် ဆွီဒင်ရှေ့တန်း၌ အီဘရာဟီမိုဗစ်၊ လာဆင်၊ ယွန်းဘတ်တို့ လူစုံကစားသော်လည်း ဂိုးသွင်းနိုင်

အီဘရာ ဟီမိုဗစ်

ကမ္ဘာ့ ဖ လား ဘော လုံး ပြိုင် ပွဲဝင် ဆွီဒင်အသင်း အတွက် အားထားရမည့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်။

(ဓာတ်ပုံ-အင်တာနက်)



ခြင်း မရှိခဲ့ရာ ပါရာဂွေး နောက်တန်းဆိုလျှင် ပို၍ ခက်ခဲဖွယ်ရာရှိသည်။

လက်ဆောင်ဂိုး

ပါရာဂွေးအသင်းသည် အင်္ဂလန်အသင်းကို လက်ဆောင်ဂိုးပေးပြီး ရှုံးခဲ့ရသော်လည်း ခြေစွမ်းအညံ့ကြီး မဟုတ်ကြောင်း ပြသနိုင်ခဲ့သည်။ ပါရာဂွေး နည်းပြ အန်ဘီဘယ်လ်ရစ်က ခြေစွမ်းမြင့်သည့် အသင်းကြီးများနှင့် ကစားရလျှင် မမျှော်လင့်သောဂိုးများ ပေးရတတ်ကြောင်း၊ လက်ကျန်နှစ်ပွဲနိုင်လျှင် နောက်တစ်ဆင့် တက်နိုင်ကြောင်း ပြောကြားခဲ့သည်။ ပါရာဂွေးဘက်မှ ကြည့်လျှင် အင်္ဂလန်နှင့်ပွဲမှာ သရေတစ်မှတ်တော့ ရသင့်သည်ဟု ထင်မည်ဖြစ်သည်။ ပါရာဂွေး တိုက်စစ်အားပဲ မကောင်းတာလား၊ အင်္ဂလန်နောက်တန်းပဲ ကောင်းတာလား၊ အင်္ဂလန်ပယ် နယ်တီဧရိယာ အတွင်း ထိထိရောက်ရောက် မထိုးဖောက်နိုင်ခဲ့ချေ။ ပါရာဂွေး အသင်း၏ နည်းဗျူဟာ တိုက်စစ်ဘက်ကို ပြောင်းလာပြီဟု ပြောနေကြသော်လည်း ခံစစ်အားသန်နေဆဲ ဖြစ်သည်။

ဆွီဒင်နှင့် ပါရာဂွေးတို့ ယခင်က နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ ပါရာဂွေးက တစ်ပွဲနိုင်ပြီး တစ်ပွဲသရေကျခဲ့သည်။ ဆွီဒင်၏ လက်ရှိကမ္ဘာ့အဆင့်က ၁၆၊ ပါရာဂွေး၏ လက်ရှိ ကမ္ဘာ့အဆင့်က ၃၃ဖြစ်သည်။ ပါရာဂွေးအသင်းက ကမ္ဘာ့ဖလားအကြို ခြေစမ်းပွဲများတွင် ဒိန်းမတ်၊ နော်ဝေတို့နှင့် သရေကစားထားရာ ဆွီဒင်နှင့်ပွဲအတွက် အကြိုပြင်ဆင်မှု သဘောဖြစ်နေသည်။ ဆွီဒင်ကလည်း တောင်အမေရိကတိုက်မှ ချီလီအသင်းနှင့် တစ်ဂိုးစီသရေ ကစားထားသည်။ အင်္ဂလန်နှင့်ပွဲတွင် ပါရာဂွေးဂိုးသမား ဗီလာဒဏ်ရာရရှိခဲ့ရာ အုပ်စုပွဲစဉ်များ ကစားနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။ အရန်ဂိုးသမား ဘိုဘာဒယ်လာနှင့် ဂိုမက်ဇ်တို့လည်း လက်ရည် မတိမ်းမယိမ်းရှိရာ ဂိုးပေါက် လုံခြုံရေးအတွက် စိုးရိမ်စရာတော့ မဟုတ်ပေ။

ဂိုးမိုးခေါင်

ဆွီဒင်အသင်းတွင် **(ဂိုး)** ရာမီရာဘန်း **(နောက်တန်း)** အက်ဒ်မန်း၊ မဲလ်ဘတ်၊ လူစစ်၊ အလက်ဇန်ဒါဆင်၊ **(အလယ်တန်း)** ဝီလ်ဟမ်ဆင်၊ လန်စရိုလ်၊ အန်ဒါဆဇင်ဆင်၊ ယွန်းဘတ်၊ **(ရှေ့တန်း)**အီဗရာဟီမို ဗစ်နှင့် လာဆင်တို့ ပါဝင်လာဖွယ်ရှိသည်။ ပါရာဂွေးအသင်းတွင် **(ဂိုး)** ဘိုဘာဒယ်လာ၊ **(နောက်တန်း)** တိုလီဒို၊ ကာနီဗာ၊ ဂါမာရာ၊ ကာစီရက်စ်၊ **(အလယ်တန်း)** ဘာရီတို၊ အကူညာ၊ ကာတာနက်စ်၊ ပါရီဒက်စ်၊ **(ရှေ့တန်း)** ဆန်တာခရုဇ်နှင့် ဗဲလ်ဒက်စ်တို့ ပါဝင်ကြဖွယ်ရှိသည်။ ဆွီဒင်အသင်းအနေဖြင့် နှစ်ပွဲဆက်တိုက် ဂိုးမိုးခေါင်လိမ့်မည်ဟု မထင်သောကြောင့် အနိုင်ရဖွယ်ရှိကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။**(မြန်မာ့အလင်း)**

သုံးသပ်ရေးသားသူ ကိုထွေး

ကမ္ဘာ့ဖလား သတင်းဂယက်

ပြင်သစ်အသင်း အကြိတ်အနယ်ကြိုးစားသော်လည်း ဂိုးနှင့်လွဲ ချန်ပီယံဘရာဇီး ကာကာ၏ဂိုးဖြင့် ရှစ်ပွဲဆက်တိုက်အနိုင်ရမှု စံချိန်ထိန်းနိုင်

တင်ပြသူ
မြင့်မောင်စိုး

ဘာလင် ဇွန် ၁၄

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဇွန် ၁၃ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အုပ်စု(ဆ)မှ တောင်ကိုရီးယားအသင်းက တိုဂိုအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ အုပ်စု(စ)မှ ဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိပြီး ပွဲဦးထွက် သုံးမှတ်စီ ပိုင်ဆိုင်သွားခဲ့သည်။

သို့ရာတွင် အုပ်စု(ဆ)မှ ပြင်သစ်နှင့် ဆွစ်ဇာလန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့သော်လည်း ဂိုးမရှိ သရေပွဲ ဖြစ်ခဲ့သည်။

ခြေစွမ်းပြကစား

ည ၇ နာရီခွဲပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် တိုဂိုအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရာ ပထမပိုင်းတွင် တိုဂိုအသင်းမှာ တောင်ကိုရီးယားအသင်းထက် ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ယင်းကဲ့သို့ ခြေစွမ်းပြနိုင်မှုကြောင့် ပွဲချိန် ၃၁ မိနစ်တွင် မိုဟာမက်က တောင်ကိုရီးယားနောက်တန်းလူများကို ကျော်ဖြတ်ကာ ဘောလုံးကိုဆွဲပြေးပြီး သွင်းယူလိုက်ရာ ဂိုးရရှိသွားသည်။

သို့သော်လည်း ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်တွင်ပတ်ဂျီဆန် တိုဂို ဂိုးဧရိယာသို့ ဘောလုံးဆွဲပြေးစဉ် တိုဂိုနောက်တန်းကစားသမား အဘာလို အဖျက်ကြမ်းသဖြင့် နှစ်ဝါတစ်နီဖြင့် ပြိုင်ပွဲမှ ထွက်သွားရသည်။ ယင်းပြစ်ဒဏ်ဘောကို တောင်ကိုရီးယား ကစားသမား လီချန်ဆူးက ဂိုးဧရိယာအစပ်နားမှ အလွတ်တည်ကန်သော ကန်သွင်းရာ တိုဂို ဂိုးသမား အဂတ်ဆာ၏ ညာဘက်ထောင့်ထဲသို့ တန်း၍ဝင်သွားခဲ့သည်။

အကောင်းဆုံးဆု

မိနစ် ၄၀နီးပါး ၁၀ယောက်၊ ၁၁ ယောက်ဖြင့် ကစားရသော တိုဂိုအသင်းသည် တောင်ကိုရီးယားအသင်း၏ အခွင့်ကောင်းယူ တိုက်စစ်ကိုကြံ့ကြံ့ခံနိုင်မှုမရှိဘဲ ပွဲချိန်၇၂ မိနစ်တွင် ပတ်ဂျီဆန် အကွက်ဆင်ချိုးပေးလိုက်သော ဘောလုံးကို လူစားဝင်လာသူ အန်ဂျွန်ဝမ်းက သွင်းယူခဲ့သည်။ ယင်းပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို အန်ဂျွန်ဝမ်းက ဆွတ်ခူးနိုင်ခဲ့သည်။



ဆွစ်ဇာလန် နောက်တန်းလူများကြားမှ ပြင်သစ် တိုက်စစ်မှူး အွန်နရီ ဘောလုံးဆွဲထုတ်ယူရန် ကြိုးစားစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂိုးပေါက်လွဲချော်

ည ၁၀နာရီခွဲပွဲအဖြစ် အုပ်စု(ဆ)မှ ပြင်သစ်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပထမပိုင်းတွင် ပြင်သစ်တို့ ဂိုးသွင်းခွင့်များဖန်တီးနိုင်သော်လည်း ဂိုးပေါက်လွဲချော်နေမှုများကြောင့် နာမည်ကြီးပြင်သစ်တို့ အဖြေမထွက်ဘဲ ပထမပိုင်းပြီးစီးသွားသည်။

ကာကွယ်ပေးနိုင်

ဒုတိယပိုင်းတွင် ရေပန်းမစားသည့် ဆွစ်ဇာလန်အသင်းက ပြင်သစ်အသင်းအား ခြိမ်းခြောက်ကစားလာပြီး ဂိုးသွင်းနိုင်ခြေများ ဖန်တီးကာ ဂိုးသွင်းယူခဲ့သည်။ သို့သော်လည်း ပြင်သစ်ဝါရင့်ဂိုးသမားကြီး ဘားသက်ဇ်၏ ကာကွယ်ပေးနိုင်ခြင်းကြောင့် ဂိုးမပေးရခြင်းဖြစ်သည်။

ဂိုးမသွင်းနိုင်

ထိုနေ့က ပြင်သစ်ကွင်းလယ်ကစားသမားကြီး ဇီဒန်းအထူးခြေစွမ်းပြကစားခဲ့သည်။ တိုက်စစ်မှူး အွန်နရီသည် ပယ်နယ်တီ ဧရိယာအတွင်း ဂိုးသွင်းခွင့်နှစ်ကြိမ်ခန့်ရသော်လည်း ဂိုးရအောင် မသွင်းနိုင်ခဲ့ပေ။ ပြင်သစ်အသင်းသည် တစ်ဂိုးမှမသွင်းနိုင်သော်လည်း ကစားသမား မက်ခီလီလီက ပွဲစဉ် အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးနိုင်ခဲ့သည်။

စံချိန်သစ်တင်

နံနက် တစ်နာရီခွဲပွဲတွင် အုပ်စု(စ)မှ လက်ရှိချန်ပီယံ ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။ ဘရာဇီးအသင်းသည် ကမ္ဘာ့ဖလားတွင် ခရိုအေးရှားအသင်းကို အနိုင်ရခြင်းသည် ရှစ်ပွဲမြောက်ဆက်တိုက် အနိုင်ရခဲ့သည့် ပထမဆုံးအသင်းဖြစ်လာသည်။ ဘရာဇီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၄၀တွင် ကာကာက သွင်းယူခဲ့သည်။ ဘရာဇီးက အီတလီအသင်း၏ ၁၉၃၄ ခုနှစ် နှင့် ၁၉၅၀ ပြည့်နှစ်အတွင်း ခုနစ်ပွဲမြောက် ဆက်တိုက် အနိုင်ရခဲ့ခြင်း စံချိန်ကို ချိုးလိုက်ခြင်း ဖြစ်သည်။ ဘရာဇီးတို့ ကမ္ဘာ့ဖလားဖွင့်ပွဲတွင် ၁၆ကြိမ်တိုင် ဆက်တိုက်အနိုင်ရမှုကိုလည်း စံချိန်တင်ထားသည်။ ယင်းပွဲတွင် ကာကာက အကောင်းဆုံးကစားသမားဆု ဆွတ်ခူးရခဲ့သည်။ ။

(အင်တာနက်)

ဘရာဇီးအသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ရီနယ်ဒို၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးသတင်းများ

ဘာလင် ဇွန် ၁၄

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပနေပြီဖြစ်ရာ ဇွန် ၁၅ ရက်(ယနေ့)ကစားကြမည့် ဘောလုံးအသင်းများနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများကို ဖော်ပြလိုက်ပါသည်။

အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်။

ဒွိုက်ယော့ကိုသတိထားရန် ဘက်ခမ်းသတိပေး

ဇွန် ၁၅ရက် **(ယနေ့)**ကစားမည့် ထရီနီဒက်နှင့်ပွဲတွင် ထရီနီဒက် တိုက်စစ်မှူး ဒွိုက်ယော့ကို သတိထားရန်နှင့် အင်္ဂလန်အသင်းအတွက် အန္တရာယ်ရှိသော ကစားသမားဖြစ်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းက ပြောကြားလိုက်သည်။

ဒွိုက်ယော့သည် အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး၏ ခြေစွမ်းရှိနေဆဲဖြစ်ပြီး အင်္ဂလန်အသင်း ခံစစ်မှူးများ သတိထားကစားကြရန် မန်ယူကစားဖော်ဟောင်း ဒွိုက်ယော့နှင့် ပတ်သက်၍ သူ့လူများအား ပြောကြားလိုက်ခြင်းဖြစ်သည်။ ထို့အပြင် ၁၀ဦးတည်းနှင့် ကစားခဲ့ရသော ထရီနီဒက်တို့ ဆွီဒင်ကို သရေကစားနိုင်ခဲ့ခြင်းကို မမေ့ကြရန်လည်း ဒေးဗစ်ဘက်ခမ်းက သတိပေးလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်နေ။

ထရီနီဒက်နှင့်ပွဲ၌ ရွန်နေမပါဝင်နိုင်

ခြေထောက်ဒဏ်ရာရရှိနေသော အင်္ဂလန်တိုက်စစ်မှူး ရွန်နေသည် ဇွန် ၁၅ ရက် **(ယနေ့)** ကစားမည့်ပွဲတွင်လည်း ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အင်္ဂလန်အသင်း တာဝန်ရှိသူများက ပြောကြားလိုက်သည်။

ဒဏ်ရာသက်သာနေပြီဟု ဆေးမှတ်တမ်းများက ဖော်ပြထားသော်လည်း ရွန်နေ ယခုပွဲတွင်ကစားရန်မသင့်သေးဟု အင်္ဂလန်အသင်းမှတာဝန်ရှိသူများက ပြောကြားသည်။ သို့သော် နည်းပြအဲရစ်ဆင်က ထရီနီဒက်နှင့်ပွဲတွင် အချိန် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်ကစားနိုင်လျှင် မငြင်းလိုကြောင်း ပြောကြားသည်။ အဲရစ်ဆင်ကလည်း ရွန်နေ ဒဏ်ရာနှင့်ပတ်သက်၍ စိတ်မချနိုင်ဖြစ်နေသည်။

ထရီနီဒက်တိုက်စစ်မှူး စတန်းဂျွန်က အင်္ဂလန်အသင်းကို သတိပေး

ဇွန် ၁၅ ရက် **(ယနေ့)** ကစားမည့်ပွဲတွင် မိမိတို့အသင်းကို လျှော့တွက်လျှင် မှားလိမ့်မည်ဖြစ်ကြောင်း ထရီနီဒက်တိုက်စစ်မှူး စတန်းဂျွန်က အင်္ဂလန်အသင်းကို သတိပေးလိုက်သည်။

အင်္ဂလန်အသင်းတစ်ဦးချင်းနှင့်အသင်းလိုက်ကစားပုံ မိမိတို့ထက် ကောင်းသော်လည်း အများမျှော်လင့်ထားသည့်ပွဲရလဒ်မျိုးကို မိမိတို့ပြောင်းလဲပစ်နိုင်ကြောင်း စတန်းဂျွန်က ပြောကြားလိုက်သည်။

ထရီနီဒက်အသင်း၌ ဆွီဒင်နှင့် ကစားသည့်ပွဲတွင် နောက်ခံလူ မာဗင်အင်ဒရူး ဒဏ်ရာရရှိခဲ့သဖြင့် ယနေ့ပွဲတွင် ဘရင့်ဆန်ချို အစားထိုး ဝင်ရောက်ကစားမည်ဖြစ်သည်။

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

အီကွေဒေါအနိုင်ယူမည်ဟု နည်းပြ လူးဝစ်ဆူရာရစ်ဇ် ပြောကြား

ပိုလန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ယူခဲ့ခြင်းမှာ မိမိတို့ ခြေစွမ်းထက်မြက်၍ဖြစ်ကြောင်း၊ ယနေ့ကစားမည့် ကော့စတာရီကာနှင့်ပွဲတွင်လည်း မိမိတို့ နိုင်ပွဲဆက်မည်သာဖြစ်ကြောင်း အီကွေဒေါနည်းပြ လူးဝစ်ဆူရာရစ်ဇ်က ပြောကြားလိုက်သည်။

ဂျာမနီ၏ရာသီဥတုဒဏ်ကို အီကွေဒေါတို့ ခံစားရလျက်ရှိသော်လည်း ပြိုင်ပွဲများ၌အနိုင်ရရှိရေးကိုသာ အာရုံစိုက်သွားမည်ဟုလည်း ၎င်းက ပြောကြားသည်။ ယနေ့ကစားမည့် ကော့စတာရီကာနှင့်ပွဲ အနိုင်ရရှိပါက အီကွေဒေါတို့အုပ်စုမှတက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း။

ကော့စတာရီကာခံစစ်မှူး ဂီလ်ဘာတို ဒဏ်ရာရ၍ ယနေ့ပွဲနှင့်လွဲပြီ

ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်အဖြစ် ဂျာမနီနှင့်ကစားခဲ့သည့် ပြိုင်ပွဲ၌ ကော့စတာရီကာ နောက်တန်းခံစစ်မှူး ဂီလ်ဘာတို မာတင်ဇ် ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့သဖြင့် ယနေ့ကစားမည့် အီကွေဒေါနှင့်ပွဲတွင် လွဲပြီဖြစ်သည်။

ဂီလ်ဘာတို၏ဒဏ်ရာမှာ ပြင်းထန်သဖြင့် ကမ္ဘာ့ဖလားပွဲစဉ်များနှင့်လွဲရဖွယ်ရှိနေပြီး ဇွန် ၁၇ရက်တွင် ဓာတ်မှန်ရိုက်ချက်ပေါ် မူတည်ကာ ဆုံးဖြတ်ရမည်ဖြစ်သည်ဟု ကော့စတာရီကာအသင်း အုပ်ချုပ်သူများက ပြောကြားသည်။

ထရီနီဒက် တိုက်စစ်မှူး စတန်းဂျွန်။

ထရီနီဒက်နှင့်ပွဲတွင် ပထမပွဲလူစာရင်းအတိုင်း အဲရစ်ဆင်ထုတ်သုံးမည်

ပါရာဂွေးနှင့်ပွဲတွင် အနိုင်ကစားခဲ့သည့် လူစာရင်းအတိုင်း ယနေ့ ထရီနီဒက်နှင့်ပွဲ၌ အဲရစ်ဆင်ထုတ်သုံးရန် စီစဉ်နေကြောင်းသိရသည်။ ပီတာခရောင့်ချ်နှင့် မိုက်ကယ်အိုဝင်တို့ကို ထုတ်သုံးမည်ဖြစ်သော်လည်း အချိန်အတိုင်းအတာတစ်ခုအထိသာ ကစားစေမည်ဟုဆိုသည်။ ပါရာဂွေးနှင့် ပထမပွဲစဉ်၌ မိုက်ကယ်အိုဝင်သည် ၅၅ မိနစ်သာ ကစားခဲ့ပြီး ဒေါင်းနင်းနှင့် လူစားလဲခဲ့သည်။

- **ဇွန် ၁၄ရက်က ကစားခဲ့သော ဘရာဇီးနှင့် ခရိုအေးရှားပွဲတွင် ရိုနယ်ဒိုခြေစွမ်းမပြနိုင်မှုနှင့် ပတ်သက်၍ ဝေဖန်ပြစ်တင်ခံရမှု များပြားနေ။**
- **ဆွီဒင်နှင့် ထရီနီဒက် သရေပွဲဖြစ်ခဲ့သည့်နေ့က အဝတ်လဲခန်းအတွင်း ယွန်းဘတ်နှင့်မဲလ်ဘတ်တို့ စကားများခဲ့။**

(ကိုးကား–အင်တာနက်)

ကျောင်းအပ်နှံစရိတ်နှင့်စာအုပ်လှူဒါန်းပွဲ အထက(သုဝဏ္ဏ)တွင်ကျင်းပ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(သုဝဏ္ဏ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တို့ကြီးမှူး၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး အတွက် ကျောင်းအပ်နှံပေးခြင်း၊ ကျောင်းနေရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းစရိတ်ထောက်ပံ့ခြင်းနှင့် ဗလာစာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇွန်၁၃ရက် နံနက် ၁၀ နာရီတွင် အထက(သုဝဏ္ဏ) ကွန်ပျူတာခန်းမ၌ ကျင်းပရာ သင်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်နှင့် အဖွဲ့ဝင်များ၊ အငြိမ်းစား ဆရာ ဆရာမများ၊ လူမှုထောက်ပံ့ရေးကော်မတီဥက္ကဋ္ဌ ဦးလှတင်နှင့်အဖွဲ့ဝင်များ၊ မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းနှင့် ဆရာဆရာမများ၊ အထူးဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ကျောင်းသားမိဘများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူးတို့က အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်က ထောက်ပံ့လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းသားကျောင်းသူ ၁၀၀အတွက် ကျောင်းအပ်နှံစရိတ်နှင့်ဗလာစာအုပ်များပေးအပ်လှူဒါန်းပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း) (ဥက္ကဋ္ဌ-National YMCA)က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းအခမ်းအနားတွင် ကျောင်းအပ်နှံစရိတ်နှင့်ဗလာစာအုပ် စုစုပေါင်း လေးသိန်းတန်ဖိုးလှူဒါန်းခဲ့သည်။**(ယာပုံ)** (က-ပ)

ကျန်းမာရေးသင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်တွင် အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် "Training on Management of T.B for Health Facility Staff" သင်တန်းဖွင့်ပွဲကို ဇွန် ၁၃ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ(သုဝဏ္ဏ)တွင်ကျင်းပရာ တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးဇော်က အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းသို့အခြေခံကျန်းမာရေးဝန်ထမ်း၂၂ဦး တက်ရောက်ကြကြောင်းသိရသည်။

(က-ပ)

အိုလံပစ်နေ့အထိမ်းအမှတ် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပိုက်ကျော်ခြင်းပြိုင်မည်

ရန်ကုန် ဇွန် ၁၄

၂၀၀၆ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၃ရက်မှ ၂၉ရက်အထိ သုဝဏ္ဏရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားမှာ အမျိုးသားအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသားလူသစ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလူသစ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် Hoop Takraw ဟူ၍ ပြိုင်ပွဲအမျိုးအစား ခုနစ်မျိုး ပါဝင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဇွန်၂၀ရက် နောက်ဆုံးထား စာရင်းပေးသွင်းယှဉ်ပြိုင်နိုင်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၅၇၇၄၆၁သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကင်းမြို့နယ် မိုးကောင်းစေတီတော် ဗုဒ္ဓဝင်ပြခန်းရှိ ဗုဒ္ဓရုပ်ပွားတော်နှင့် ပဋ္ဌဝင်္ဂါးပါး ရုပ်ပွားတော်များ ပြုပြင်မွမ်းမံရန်အတွက် မူလအလှူရှင်များဖြစ်ကြသော ဦးခင်မောင်(ခ)ဦးဘွန်ဂျါး-ဒေါ်ကြင်မြတို့အား ရည်စူး၍ ရန်ကင်းမြို့နယ် (၁၁)ရပ်ကွက် အမှတ်၉၁ ဘူတာရုံလမ်းနေ သားသမီးမြေးတစ်စုတို့က အလှူတော်ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ ဘဏ္ဍာရေးမှူး ဦးလှသိန်းနှင့် အဖွဲ့ဝင်များထံ အလှူငွေပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝါတွင်းတရားစခန်းဖွင့်ပွဲ ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူ ဆရာတော်ကြီး တည်ထောင်ခဲ့သော မူလသဲအင်းဂူ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲ ဝါတွင်းသုံးလအထူး အဓိဋ္ဌာန် တရားစခန်းဖွင့်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းပဒေသာပင် ကျပ်သိန်း၁၀၀၀ပြည့်အခါသမယတွင် လှူဒါန်းမှုများအတွက် ရေစက်ချပွဲ မင်္ဂလာအခမ်းအနားများကို အဆိုပါ ကျောင်းတိုက်ကြီး၏ အရိယာဓမ္မာရုံကြီး၌ (ဝါဆိုလပြည့်နေ့)ဇူလိုင်၉ရက်တွင်ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် တရားစခန်းဝင်ရောက်ကြမည့်ယောဂီများအား ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

ကမ္ဘာ့အဝန်း တောတွေခန်းလည်း စိမ်းလန်းဒို့ပြည် တောနှင့်စည်၏

အမည်ပြောင်း

ဦးကိုကို-ဒေါ်အေးမျိုးမျိုးသိန်းတို့၏သား ပင်လုံမြို့ အမက(၂) တတိယတန်း(က)မှ မောင်ဘုန်းမြတ်နိုင်အား မောင်မင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခန့်ကို။**

Diamond Brand စိန်တံဆိပ်ဘိလပ်မြေ

သွင်းကုန်လုပ်သူများဆက်သွယ်ရန်

Tunn Star Co., Ltd. အမှတ် ၂၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း-၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄

Sinpoonchai Co., Fax (662) 6774015

e-mail trade @ sinpoonchai co., th

အမည်ပြောင်း

ဦးရဲထွန်းခိုင်၏ သားဖြစ်သူ အမက(၁၃)ရန်ကင်း Grade -5မှ မောင်မင်းသီဟအား ယနေ့မှစ၍ မောင်မင်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းပြည့်စုံ။**

အမည်ဖြည့်စွက်ခေါ်ပါရန်

သာကေတ၊ (၇)အနောက်ရပ်ကွက်၊ အောင်ချမ်းသာ ၅လမ်းနေ အဖ ဦးတင်ရွှေ၏သမီးဖြစ်သူ မညိုညိုစန်း ၁၂/သကတ(နိုင်)၁၄၁၅၉၇အား မညိုညိုစန်း(ခ) မညိုမီစန်းဟု ဖြည့်စွက်ခေါ်ပါရန်။ **မညိုညိုစန်း(ခ)မညိုမီစန်း။**

အမည်ပြောင်း

ဦးမောင်အောင်၏ သားဖြစ်သူ အမက(၁၃) ရန်ကင်း Grade-5မှ မောင်မင်းယံ့ရှင်းအား ယနေ့မှစ၍ မောင်လင်းဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းဘုန်းခန့်။**

အမည်ပြောင်း

အဖ ဦးမောင်မောင်၏ သမီး အထက(၃)မင်္ဂလာတောင်ညွန့် အဋ္ဌမတန်း(စီ)မှ မနွေးချမ်းငြိမ်းဆုအား မနွေးသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနွေးသီရိအောင်။**

အမည်ပြောင်း

အလက(၂) ဗဟန်း အဋ္ဌမတန်း(ခ)မှ အဖ ဦးစိန်ရွှေ၏သား မောင်ပြည့်ဖြိုးခန့်မှ မောင်အောင်ပြည့်ဖြိုးခန့်ဟု အမည်ပြောင်းခေါ်ပါရန်။ **မောင်အောင်ပြည့်ဖြိုးခန့်။**

စုစုအေးအောင်

လေးဖက်နာပျောက်ဆေး

၀၁၀၁ Y၇၆၈။

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊အမှတ် ၁၆/၅၊ သီရိမင်္ဂလာရိပ်သာလမ်းနေ ၁၃-၄-၂၀၀၆ရက်၌ ကွယ်လွန်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာကြည်စိုး၏ဇနီးဖြစ်သူ ကျွန်မ ဗိုလ်ကြီး ဒေါ်စုစု(အငြိမ်းစား)မှ ဒေါက်တာကြည်စိုး ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ (အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ်များ)ကို သက်ဆိုင်ရာရုံးဌာနများ၌ တရားဝင် ဒေါ်စုစုအမည်သို့လွှဲပြောင်းရန် စီစဉ်ဆောင်ရွက်နေပါသည်။

သို့ပါ၍ ဒေါက်တာကြည်စိုး ပိုင်ဆိုင်မှုများအား မည်သူတစ်ဦးတစ်ယောက်မှ ဒေါ်စုစု၏စာဖြင့်ခွင့်ပြုချက်မရဘဲ ငှားရမ်းခြင်း၊လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ပေးကမ်းခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းနှင့်အခြားနည်းစီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ပိုင်ခွင့်မရှိကြောင်း၊ အကယ်၍ ဒေါက်တာကြည်စိုး ပိုင်ဆိုင်မှုများကို စာချုပ်စာတမ်းများတနည်းနည်းဖြင့် လက်ဝယ်ရရှိထားပါက လာရောက်အပ်နှံပါရန်နှင့် တားမြစ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တရားဝင်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဗိုလ်ကြီးဒေါ်စုစု (အငြိမ်းစား)

၁၂/ရကန(နိုင်)၀၂၁၀၅၆

၁၆/၅၊ သီရိမင်္ဂလာရိပ်သာလမ်း၊ ရန်ကင်းမြို့နယ်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၃၄၅၄၃ မော်တော်ဆိုင်ကယ် လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းဦးစီးမှူးရုံး(မြိတ်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၂၈၆၉ Mazda X 2000 Jeep ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအေးဟန် ၁၂/ဥကတ(နိုင်)၀၈၃၁၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊အရှေ့ပိုင်း၊ခရိုင်ရုံး (ရန်ကုန်မြို့)။**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန် ဇွန် ၂ရက်က စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းဗဟိုအဖွဲ့ပိုင် တံခွန်သစ်အခြေခံစက်မှုလက်မှုကုမ္ပဏီလီမိတက် အလုပ်ရုံအတွင်း ကုန်ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (က-ပ)

ရန်အောင်မြင် ရှေးဟောင်းစေတီတော် ထီးတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်

နမ့်လန် မေ ၂၅

ရှမ်းပြည်(မြောက်ပိုင်း)ကျောက်မဲခရိုင် နမ့်လန်မြို့ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇအား ဦးထိပ်ထားလျက် တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥက္ကမသာရ၊ မူလကျောင်းကြီး ဆရာတော် ဘဒ္ဒန္တသစ္စာနန္ဒ ဆရာတော်များ၏ ဩဝါဒကိုခံယူပြီး အလယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဉာဏောဘာသ ဦးဆောင်၍ ဘုရားမတည်ဒါယကာ ဒါယိကာမများဖြစ်ကြသော နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဟန်ညွန့်-ဒေါ်လှလှဝင်း မိသားစုနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်မိရပ်ဖနှင့် အလှူရှင်များ စုပေါင်း၍ မေ ၁၉ရက် မွန်းတည့်၁၂နာရီက နမ့်လန်မြို့ ပန်ဆင်ရပ်ကွက်အတွင်းရှိ ရန်အောင်မြင် ရှေးဟောင်းစေတီတော်အား ထီးတော်၊ စိန်ဖူးတော်မြတ်များ တင်လှူပူဇော်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်တံခါးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမိုးက မူလတန်းကျောင်းသူတစ်ဦးအား ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၆)ရက်
၁၆-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (စစ်ကိုင်းမြို့မှ မြန်မာ့ရိုးရာကြိမ်ထည်လုပ်ငန်း)
၁၁း၃၅ သုတကမ္ဘာ
၁၂း၀၀ ကျန်းမာရေးနှင့် ဆေးပညာ (သန့်ရှင်းသောလက် ဆေးတစ်ခွက်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (သူ့အားသူ့မာန်)

ညနေပိုင်း

၁၆း၁၀ ရာသီခါမှီ ဆေးပန်းချီ
(၁) ချစ်မိုးကြီး
(၂) မိုးမခအလွမ်း
(၃) ပြိုချင်ပြို ညိုပါနဲ့မိုး
၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) ဝမ်းပျက်ဝမ်းလျှောရောဂါ ကြောက်စရာ (ခေါင်းကြီး)
(၂) ပျော်ရွှင်ကျန်းမာ မိသားစုကမ္ဘာ (ဆောင်းပါး)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အကြောင်းထူးစေဖို့)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ကလေးသူငယ်များ ကိုယ်စိတ်ကျန်းမာဖွံ့ဖြိုးရေးအကြောင်း- မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (စမ်းရေစီးသံ-ကာလပေါ်အဖွဲ့)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) သစ္စာ
(၂) ရွှေလည်တိုင်
(၃) မိုးသားလေ့လေး

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

သံဖြူဇရပ်မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများစုပေါင်း၍ မေ ၂၆ ရက်က မြို့နယ်ပညာရေးမှူးရုံး ပတ်ဝန်းကျင်၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြစဉ်။

(မြို့နယ် ပညာရေး)

အရာတော်မြို့နယ်စီးပွားရေးစီမံကိန်းတာဝန်ပေးအပ် အကောင်အထည်ဖော်နိုင်မှု သုံးသပ်ရှင်းလင်း

အရာတော် ဇွန် ၈

မုံရွာခရိုင် အရာတော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆-၂၀၀၇ခုနှစ် စီးပွားရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းအေးက ၂၀၀၅-၂၀၀၆ခုနှစ်မြို့နယ်၏ စီးပွားရေးစီမံကိန်း ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုကို သုံးသပ်တင်ပြ၍ ၂၀၀၆-၂၀၀၇ခုနှစ် စီးပွားရေး စီမံကိန်း ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြငွေက ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း အကောင်အထည်ဖော်ရမည့် စီးပွားရေးစီမံကိန်း တာဝန်ပေးအပ်လွှာများကိုပေးအပ်ရာ ဌာနဆိုင်ရာများကိုယ်စား မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမူက လက်ခံရယူပြီး ကျေးရွာအုပ်စုများ၏ တာဝန်ပေးအပ်လွှာများကို နယ်မြေလေးခု ကိုယ်စား ရပ်ကွက် ဥက္ကဋ္ဌလေးဦးက လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုသိမ်၌ ရှေးဦးသူနာပြုစု အခြေခံသင်တန်းဆင်း ကမ္ဘာ့ကြက်ခြေနီနေ့ ဖြစ်ပေါ်လာပုံရှင်းလင်း

ပုသိမ် မေ ၃၀

ဧရာဝတီတိုင်း ပုသိမ်မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီကကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်နှင့် ရှေးဦးသူနာပြုစုခြင်းအခြေခံသင်တန်း (၁/၂၀၀၆)ဆင်းပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈နာရီက ပုသိမ်မြို့ မြန်မာနိုင်ငံဆရာဝန်များအသင်းခန်းမ၌ ကျင်းပသည်။

ဆုပေးအပ်ချီးမြှင့်

အခမ်းအနားတွင် တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာ အောင်စိန်က ကမ္ဘာ့ကြက်ခြေနီနေ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြီး တိုင်း အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်က သင်တန်းတွင် ဆုရရှိသူများကို ဆုပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဆွေဆွေလှိုင်က သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ဦးခင်မောင်ဝင်းက အလှူငွေများကို လက်ခံယူကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လားရှိုးကိုယ်ပွားသတင်းစာတိုက် နှစ်ပတ်လည်အကြိုအခမ်းအနားကျင်းပ လုပ်ငန်းထူးချွန်ဝန်ထမ်းများ ဂုဏ်ပြုပစ္စည်းများပေးအပ်

လားရှိုး ဇွန် ၁၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွား သတင်းစာတိုက်(လားရှိုး)၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည် အကြိုအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုယ်ပွားသတင်းစာတိုက် လားရှိုးတာဝန်ခံအရာရှိ စာတည်း ဦးဇော်လွင်က အမှာစကားပြောကြားပြီး လုပ်ငန်းထူးချွန်သောဝန်ထမ်းများ၊ အလုပ်ပျက်ရက်မရှိသူများ၊ ကြိုးစားအားထုတ်မှုရှိသော ဝန်ထမ်းများကို ဂုဏ်ပြုအမှတ်တရပစ္စည်းများပေးအပ်ပြီး ဗလာမပါ ကံစမ်းမဲဖြင့် အမှတ်တရပစ္စည်းများ မဲဖောက်ပေးခြင်း၊ နှစ်ပတ်လည်အထိမ်းအမှတ် တီရှပ်များကို ဝေငှခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် နေတက်ကျောင်းတိုက် ဆရာတော်နှင့် ပင့်သံဃာတို့အား နေ့ဆွမ်းဆက်ကပ်ပြီး တက်ရောက်လာသူများအား အုန်းနို့ခေါက်ဆွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးအေးကိုတို့ မေ ၂၃ ရက်က ပခုက္ကူ မြို့နယ်အတွင်းရှိ စဘောကျေးရွာ၊အနောက်ငကျော်ကျေးရွာ၊ ညောင်ပင် ကျေးရွာနှင့် မကျီးတန်းကျေးရွာများရှိ ကျေးလက်ရေပေးရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

ရှေးဦးသူနာပြုစု သင်တန်းဖွင့်

ကောလင်း မေ ၂၀

ကောလင်းမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူး၍ ရှေးဦးသူနာပြုစုခြင်းသင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို မေ ၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူး ဇော်ဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမောင်မောင်စိုးတို့က အမှာစကား ပြောကြားကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၆ ဦး တက်ရောက်ကြသည်။ **(ဝ၂၆)**

(၃၅) နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးအောင်ကျော်မြင့်** (ဒုတိယတိုင်း အင်ဂျင်နီယာမှူးကြီး)နှင့် ချစ်မေမေ **ဒေါ်ရင်နု**တို့၏ (၃၅)နှစ်မြောက် ပတ္တမြားရတုမှသည် ရတုပေါင်းများစွာတိုင်အောင် မိသားစုနှင့်တကွ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သာသနာပြုနိုင်သူများ ဖြစ်ပါစေကြောင်း ချစ်သား၊ ချစ်သမီးများက ဆုမွန်ကောင်းတောင်း အပ်ပါသည်။

ချစ်သမီးကြီး – ကိုမင်းသူကျော်–မစိုးစံအောင်
ချစ်သားကြီး – ကိုကျော်သူအောင်–မခင်သီတာညိမ်း
ချစ်သမီးငယ် – မစိုးရီအောင်
ချစ်သားငယ် – မောင်ကျော်ကျော်
ချစ်မြေးလေး – Alean



ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မိတ္ထီလာခရိုင်တရားမရုံးတော်၌ ၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်– ၁၃

မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့ **တရားနိုင်** **နှင့်** ၁။ ဦးထွန်းရွှေ ၂။ ဒေါ်ကျင်ရွှေ **တရားရှုံး**

မိတ္ထီလာခရိုင် တရားမရုံးတော်၏ ၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ်–၂၆တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ် ၃၄၄၄၉၇၄ကျပ် ၈၀ပြား (ကျပ်သုံးဆယ့်လေးသိန်း လေးသောင်း လေးထောင်ကိုးရာခုနစ်ဆယ့်လေးကျပ်နှင့် ပြားရှစ်ဆယ်တိတိ)ကို ပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ သဲတော(၃)စာတိုက်ရပ်၊အကွက်(၅/က)၊ ဦးပိုင် (၈၃)၊ ဧရိယာ ဝဒသမ ဝ၈၅ကေရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၈x၂၆)ပေ သွပ်မိုး၊ သမံတလင်းခင်း တစ်ထပ်နံကပ်တိုက်၊ (၁၁ x၁၈)ပေ တစ်ထပ်နံကပ်မီးဖိုဆောင်၊ (၃၀x၁၂)ပေ တစ်ထပ်နံကပ်စက်ရုံ၊(၅x၅x၆)ပေ နံကပ်ရေအိမ်နှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး–ကျပ် (၅၅)သိန်း

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး၊ မိတ္ထီလာမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
မိတ္ထီလာခရိုင်တရားမရုံးတော်၌
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်– ၁၅

မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့။ **တရားနိုင်** **နှင့်** ၁။ ဦးဟန်ဌေး ၂။ ဒေါ်ခင်တင့် **တရားရှုံး**

မိတ္ထီလာခရိုင် တရားမရုံးတော်၏ ၂၀၀၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့ ပေးသွင်းရန် ငွေကျပ်၃၅၂၇၀၁၅/ ပြား၉၀ (ကျပ်သုံးဆယ့် ငါးသိန်း နှစ်သောင်း ခုနစ်ထောင်တစ်ဆယ့်ငါးနှင့် ကိုးဆယ်ပြားတိတိ)ကို ပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ အမှတ်(၂)ရပ်၊အကွက်(၁၄၆၈)၊ ဦးပိုင် (၃/၁)၊ ဧရိယာ ဝဒသမ ၂၂ကေရှိမြေနှင့် ယင်းမြေပေါ်ရှိ (၁၇x၃၆)ပေ နံကပ်တစ်ထပ်တိုက်၊ (၉ x ၉x၇)ပေ ကိုးလက်မအုတ်ရိုးရေကန်တစ်လုံး၊ (၃၂x ၄၀)ပေ တစ်ထပ် သွပ်မိုးထရံကာ၊ သမံတလင်းခင်းစက်ရုံ၊ စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး–ကျပ် (၅၅)သိန်း

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြသောအချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ချိပ်ပိတ်ဈေးနှုန်းလွှာ ခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာများကို သိုလှောင်ရုံအရောက် ကျပ်ငွေဖြင့်(သို့မဟုတ်) "CIF (Yangon) "US$ စနစ်ဖြင့် ဝယ်ယူရန် ချိပ်ပိတ် ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	၈၀/၁၀၀ အမျိုးအစား လမ်းခင်းကတ္တရာ	(၅၀၀၀)တန်

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၃–၆–၂၀၀၆ ရက် (၁၆း၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀/–(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘ၀တ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သွာနုတ္တသမီးများဖြစ်ကြောင်း ကြေညာချက်အားပြန်လည်ရုပ်သိမ်းခြင်း

ကမာရွတ်မြို့နယ်၊ အမှတ် ၄ရပ်ကွက်၊ကွမ်းခြံ ၃လမ်း၊အမှတ် ၁၅နေ ဦးခင်မောင်မြင့် (ချန်ပီယံဒံပေါက်)–ဒေါ်ခင်စီ ကွယ်လွန်တို့၏ သမီးများဖြစ်ကြသော မတင်တင်ဝင်း၁၂/ကမရ(နိုင်)၀၃၆၆၀၃နှင့် မညွန့်ညွန့်စီ ၁၂/ကမရ (နိုင်) ၀၅၀၀၁၉တို့ နှစ်ဦးသည် ၁–၇–၂၀၀၄ရက်မှစ၍ သွာနုတ္တသမီးများဖြစ်ကြောင်းနှင့် မိဘနှစ်ပါး၏ အမွေလုံးဝ မခံစားထိုက်သူများဖြစ်ကြောင်း ၅–၇–၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

ယခုအခါ မတင်တင်ဝင်းနှင့်မညွန့်ညွန့်စီတို့ နှစ်ဦးသည် ၎င်း၏ပြုလုပ်ခဲ့သော အမှားများအား ခွင့်လွှတ်ရန် ဖခင် ဦးခင်မောင်မြင့်နှင့်ကွယ်လွန်သူ မိခင် ဒေါ်ခင်စီ၏ ဓာတ်ပုံတို့ကို ဝန်ချ တောင်းပန် ကန်တော့ခဲ့သည့်အတွက် ၅–၇–၂၀၀၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ သွာနုတ္တသမီးများဖြစ်ကြောင်းနှင့် မိဘနှစ်ပါး၏ အမွေလုံးဝမခံစားထိုက်သူများဖြစ်ကြောင်း ကြေညာချက်အား ၂၀၀၆ခုနှစ်၊ဇွန် ၁ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း ဦးခင်မောင်မြင့်က အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့် (ချန်ပီယံဒံပေါက်)၏ညွှန်ကြားချက်အရ–
ဦးညွန့်တင် တရားရုံးချုပ်ရှေ့နေ B.A,(LL.B)
အမှတ် ၈၈၉၊ ၁လမ်း (မြောက်)
အရှေ့ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့။

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် မေ ၃၁ ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က စိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ကျောက်ဆည်မြို့ ကြောင်ပန်းကုန်းကျေးရွာ မဟာသုခစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပ

ကျောက်ဆည် ဇွန် ၃

ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ ရွာဦးကျောင်းဝင်း အတွင်းရှိ မဟာသုခစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၂၈ရက် နံနက် ၇ နာရီက အဆိုပါဘုရားရင်ပြင်တော်တွင် ကျင်းပရာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ သုဇာတနှင့် ပင့်သံဃာတော် ၄၂ ပါးတို့ ကြွရောက်တော်မူကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ ဘုရားအမှူးပြုသော သံဃာတော်များအား ဒါယကာ ဒါယိကာမများက ဆွမ်းကြီးလောင်းလှူကြပြီး ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ သုဇာတထံမှ ငါးပါးသီလခံယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၅ရက်က မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်– ဒေါ်ခင်ခင်ထား မိသားစုက ငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းက လက်ခံယူစဉ်။ (၁၆၈)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မိုးညှင်း ဇွန် ၃

ကချင်ပြည်နယ် မိုးညှင်းမြို့ အောင်သပြေရပ်ကွက် ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကြို ကျောင်းဝင်းတွင် ဆရာမများ၊ ရပ်မိရပ်ဖများ၊ မူကြို ကလေးများ၏ မိဘများစုပေါင်း၍ မေ ၂၇ ရက် နံနက်ပိုင်းက ခြံစည်းရိုးကြက်ဆူပင် ၆၅၃ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ စုပေါင်းစိုက်ပျိုးပွဲတွင် အောင်သပြေရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များ အားပေးကူညီကြသည်။ **(၁၅၂)**

မူဆယ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံ စာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့

မူဆယ် ဇွန် ၁

၂၀၀၆–၂၀၀၇ပညာသင်နှစ် မူဆယ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က မူဆယ်မြို့ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ယုက အမှာစကားပြောကြားပြီး ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ၂၀၀၆ခုနှစ် တက္ကသိုလ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူ သုံးဦးအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀စီနှင့် မသန်စွမ်း အထက်တန်းကျောင်းသား ကျောင်းသူလေးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀စီ ထောက်ပံ့ပေးပြီး အခြေခံပညာမူလတန်းကျောင်း ၁၉ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀ခန့်ရှိ ကျောင်းသုံးဗလာစာအုပ် ၄၅ဒါဇင်နှင့် စာရေးကိရိယာများကို ထောက်ပံ့လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို မေ ၃၁ ရက်က မြင်းမူမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရွှေပြည်သစ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (၁၆၇)

စပါးစိုက်ပျိုးထုတ်လုပ်မှု ပိုမိုအကျိုးဖြစ်ထွန်းစေမည့် စက်မှုလယ်ယာစနစ်သို့ ရောက်ရှိအောင်ကြိုးစား လက်ဖက်ကို အရည်အသွေးပိုမိုကောင်းမွန်အောင် ထုတ်လုပ်

နေပြည်တော် ဇွန် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ကျောက်မဲတပ်နယ်မှူး ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောက်မဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ကျောက်မဲ–မိုင်းငေါ့–နမ့်ဆန်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် **စာမျက်နှာ ၉ ကော်လံ ၅** ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျောက်မဲမြို့နယ် မိုင်းငေါ့မြို့နွှေစပါးတစ်ဆက်တစ်စပ်တည်း ဆင်းရွှေလီ(၈၀၂) အမျိုးအစား စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ တာမွေမြို့နယ် အခွန်လွတ်ဈေးကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မာန်ပြေရပ်ကွက် ယမုံနာနှင့် မြင်တော်သာလမ်းထောင့်ရှိ ရှုခင်းသာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၈ ကော်လံ ၃** ■

ရန်ကုန်မြို့နေ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေရန် မြန်မာ့မီးရထားက မြို့ပတ်ရထားများ ဖြည့်ဆည်းပြေးဆွဲပေးနေ

တွေ့ဆုံမေးမြန်းသူ
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန်ဘူတာကြီးသို့ မင်္ဂလာဒုံခေါင်းလှည့် မြို့ပတ်ရထားတစ်စင်း ဝင်ရောက်လာသည်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၁၄

ပြည်သူများနှင့် ကျောင်းသားကျောင်းသူများသွားလာရေး အဆင်ပြေလွယ်ကူစေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်းပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ငွေကုန်ကြေးကျသက်သာရေး၊ ရထားစီးပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြရေးကိုလည်း ရှေးရှုပေးလျက်ရှိသည်။

တွေ့ဆုံမေးမြန်း

ရန်ကုန်မြို့တွင် နေ့စဉ်ပြေးဆွဲနေသော မြို့ပတ်ရထားများနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရန် မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာ့မီးရထားမှ လက်ထောက်အထွေထွေမန်နေဂျာ တိုင်းအမှတ်(၇) တိုင်းတာဝန်ခံအရာရှိ ဦးစိန်လွင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မြို့ပတ်ရထား

ရန်ကုန်မြို့တွင် နေ့စဉ်ပြေးဆွဲနေသော မြို့ပတ်ရထားစင်းရေနှင့်ပတ်သက်၍ မေးမြန်းရာ "ရန်ကုန်မြို့မှာ နေ့စဉ်ပြေးဆွဲနေတဲ့ မြို့ပတ်ရထား ၁၈၅ စင်းနဲ့ ရန်ကုန်မြို့ ဆင်ခြေဖုံးကို ပြေးဆွဲနေတဲ့ ဆင်ခြေဖုံးရထား ၁၆စင်းရှိပါတယ်"ဟု ဦးစိန်လွင်က ဦးစွာပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ●